မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီ ၂၃ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၁၅)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

သဘောတူညီချက်များ လက်မှတ်ရေးထိုးနိုင်ခြင်းသည် လုပ်ငန်းများအကောင်အထည်ဖော်ရန် အစသာဖြစ်
သဘောတူညီချက်များအတိုင်း စိတ်တူကိုယ်တူ အကောင်အထည်ဖော်နိုင်မှသာ ရည်မှန်းချက်များ အောင်မြင်မည်

ဘင်းမ်စတက်အဖွဲ့ကြီးသည် အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံရေးရည်မှန်းချက်ကို ထင်ဟပ်နေသော ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအတွက် အရေးပါသည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ပေါ်ထွက်လာ

နေပြည်တော် ဇန်နဝါရီ ၂၂

မြန်မာနိုင်ငံက ဥက္ကဋ္ဌအဖြစ် ကြီးမှူးကျင်းပသည့် (၁၃)ကြိမ်မြောက် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေးနှင့် (၁၅)ကြိမ်မြောက် ဘင်းမ်စတက် အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့်နှင့် ဒုတိယဝန်ကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးအောင်သိမ်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E.Dr.Dipu Moni,M.P၊ ဘူတန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr.Lyonpo Yeshey Zimba၊ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mrs. Preneet Kaur၊ နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး *စာမျက်နှာ ၈ ကော်လံ ၁* ❖

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် (၁၃)ကြိမ်မြောက် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေးနှင့် (၁၅)ကြိမ်မြောက် ဘင်းမ်စတက် အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၅ နှင့် ၁၆ တွင် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ သမိုင်းဘာသာ သင်ခန်းစာကို ဖော်ပြထားပါသည်။

23-1 (01).pmd 1 1/23/2011, 2:10 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၃ ရက်)

မူးယစ်ဆေးဝါးအန္တရာယ် ဝိုင်းဝန်းတားဆီးကာကွယ်

မူးယစ်ဆေးဝါးအန္တရာယ်သည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအနေဖြင့် ရင်ဆိုင်ဖြေရှင်းနေရသည့် ပြဿနာမဟုတ်ဘဲ ကမ္ဘာ့လူသားအားလုံးနှင့် အကျုံးဝင်ရင်ဆိုင်နေရသော ပြဿနာတစ်မျိုးဖြစ်သည်။

လူသားတစ်ရပ်လုံးကို ကောင်းကျိုးမပေးသည့် မူးယစ်ဆေးဝါးကို မည်သည့်နည်းမျိုးနှင့်မျှ သုံးစွဲခြင်း မပြုရန် ပြည်သူများအတွင်း အထူးသဖြင့် ကျောင်းသားလူငယ်လေးများအတွင်း အသိပညာပေးလှုံ့ဆော်ခြင်း လုပ်ငန်းနှင့် ပညာပေးစည်းရုံးခြင်းလုပ်ငန်းများကို အလေးအနက်ထားဆောင်ရွက်ကြရမည်ဖြစ်သည်။ မူးယစ်ဆေးဝါး အန္တရာယ်ဆိုးကြီးကို လူသားအားလုံးနှင့် ကင်းဝေးရန်၊ ပပျောက်ရန်၊ လူအများ နားလည်သဘောပေါက်ပြီး ဝိုင်းဝန်းတိုက်ဖျက်ကြရန် စည်းရုံးဆောင်ရွက်သွားကြရမည်ဖြစ်သည်။

မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် အထူးသဖြင့် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် စသော ရောဂါများ ရရှိပြီး သေဆုံးရသည်အထိ ဆိုးရွားသော တွေ့ကြုံမှုကို ခံစားကြရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ရာတွင် မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် ရောင်းဝယ်ဖောက်ကားမှုတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်နေသကဲ့သို့ သုံးစွဲမှုပပျောက်ရေးကဏ္ဍကိုလည်း အရေးကြီးလုပ်ငန်းရပ်အဖြစ် ဆောင်ရွက်လျက်ရှိပေသည်။ ထို့ပြင် ဆေးကုသရေး၊ ပြန်လည်ထူထောင်ရေး၊ အသိပညာပေးရေးတို့ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည်။

ဘိန်းစိုက်ပျိုးထုတ်လုပ်မှုနှင့် ဓာတုပစ္စည်းများကို အခြေခံ၍ သိပ္ပံနည်းအရ ဖော်စပ်ထုတ်လုပ်မှုတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။ တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ပြည်တွင်း၌သာမက အိမ်နီးချင်းနိုင်ငံများရှိ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအဖွဲ့များနှင့်လည်း အပြန်အလှန် သတင်းဖလှယ်ကြပြီး ပြည်တွင်းပြည်ပ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ် နေသည့်ဂိုဏ်းများကို တိုးမြှင့်ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့သည်။

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ရန် ပြည်သူများအတွင်း ထိုးဖောက်စည်းရုံးရာတွင် အထိရောက်ဆုံးနှင့် အအောင်မြင်ဆုံးဖြစ်သည့် စာပေ၊ ဂီတ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာစသော ဖိတ်ခေါ်ပြိုင်ပွဲများကျင်းပပြီး ဆုရရှိသူများအား အခမ်းအနားဖြင့် ဆုများချီးမြှင့်ခြင်းကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ပေရာ မိသားစု၏ ဘဝ၊ လူမျိုး၏ဘဝကိုပါ ဖျက်ဆီးနေသည့် မူးယစ်ဆေးဝါးအန္တရာယ်ဆိုး လုံးဝပပျောက်သွားရန်အတွက် ပြည်သူတစ်ရပ်လုံးကပါ ဝိုင်းဝန်းကာ လက်တွဲဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စပါးရိတ်သိမ်းခြွေလှေ့စက် မိတ္ထီ လာ၌သရုပ်ပြ

မိတ္ထီလာ ဇန်နဝါရီ ၂၂

မိတ္ထီလာမြို့နယ် ဇောင်ချမ်းကုန်းကျေးရွာ လယ်ပိုင်ရှင်ဦးဝင်း၏ တစ်ဧက စပါးစိုက်ခင်း၌ ဂွတ်ဘရားသားကုမ္ပဏီမှ ဖြန့်ဖြူးရောင်းချပေးမည့် စပါးရိတ်သိမ်းခြွေလှေ့စက် သရုပ်ပြပွဲကို ဇန်နဝါရီ၁၈ရက် နံနက်၁၀နာရီက ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်အုပ်က အမှာစကား ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးစန်းလွင်၊ ဂွတ်ဘရားသား ကုမ္ပဏီမှ အရောင်းတာဝန်ခံနှင့် မြို့နယ်စက်မှုလယ်ယာမှ ဒုတိယဦးစီးမှူးတို့က စပါးရိတ်သိမ်းစက်ဖြင့် ရိတ်သိမ်းပါက တစ်ဧကေကုန်ကျစရိတ်၊ လူဖြင့် ရိတ်သိမ်းခြွေလှေ့ပါက တစ်ဧက ကုန်ကျစရိတ်တို့ကိုနှိုင်းယှဉ်ပြသပြီး ရိတ်သိမ်းခြွေလှေ့စက်၊ ထိုင်းကျွဲ၊ ဒေါင်ဖန်းလက်တွန်း ထွန်စက်များအကြောင်း ရှင်းလင်းပြောကြားသည်။

ကြည့်ရှုအားပေး

ထို့နောက် ရိတ်သိမ်းခြွေလှေ့ခြင်း သရုပ်ပြမှုကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးကျော်ဆွေ၊ ကျေးရွာ၄၀မှ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် တောင်သူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရသည်။

(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)

ပြည်ထောင်စုဖွား သွေးချင်းများ တားဆီးကာကွယ် မီးရန်စွယ်

နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့တွင်းတာပွန်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကိုဇန်နဝါရီ ၁၁ရက်က ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မော်သန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်စန္ဒာအေးတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျောက်မီးသွေး အကြီးစားတူးဖော်ထုတ်လုပ်မှုလုပ်ငန်း သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၂

သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၃)သတ္တုတွင်းလုပ်ငန်းနှင့် မက်(စ်) မြန်မာကုမ္ပဏီအုပ်စုတို့၏ စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝခရိုင် ကလေးဝမြို့နယ် ကလေးဝ-သစ်ချောက်ဒေသ ဝါးရဲချောင်းလုပ်ကွက်၌ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် ကျောက်မီးသွေး အကြီးစားတူးဖော်ထုတ်လုပ်မှုလုပ်ငန်း သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲက နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဦးအုန်းမြင့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ပေးအပ်

အခမ်းအနားတွင် ရှေးဦးစွာ ဝန်ကြီးက အမှာစကားပြောကြားပြီး အမှတ်(၃)သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထိန်က ကျောက်မီးသွေး အကြီးစားတူးဖော် ထုတ်လုပ်မှုနှင့်စပ်လျဉ်း၍အသေးစိတ် ရှင်းလင်းတင်ပြသည်။ ထို့နောက် မက်(စ်)မြန်မာကုမ္ပဏီအုပ်စု မန်နေဂျင်းဒါရိုက်တာ ဦးဇော်ဇော်က ကျေးဇူးတင်စကားပြောကြားပြီး မက်(စ်)မြန်မာကုမ္ပဏီအုပ်စုနှင့်အမှတ်(၃)သတ္တုတွင်း လုပ်ငန်းတို့လုပ်ငန်းသဘောတူစာချုပ်ကို ဦးဆောင်ညွှန်ကြားရေးမှူး၊ မန်နေဂျင်းဒါရိုက်တာနှင့် အသိသက်သေများက လက်မှတ်ရေးထိုးကြသည်။ ယင်းနောက် ဝန်ကြီးက ဓာတ်သတ္တု အကြီးစား ထုတ်လုပ်ရန် ခွင့်ပြုမိန့်ကို မန်နေဂျင်းဒါရိုက်တာထံ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တာချီလိတ်မြို့တွင် မူကြိုကျောင်းဖွင့်

တာချီလိတ် ဇန်နဝါရီ ၂၂

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ကောတည အဆင့်မြင့်မူလတန်းကြိုကျောင်းဖွင့်ပွဲကို ဇန်နဝါရီ ၁၆ရက် နံနက်၉နာရီခွဲက တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု ယန်းခမ်းကျေးရွာရှိ အဆိုပါကျောင်း၌ ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)လူမှုဝန်ထမ်းဦးစီးဌာန ပြည်နယ်မှူး ဦးကျော်ဝင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးရဲထူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်

အစီအစဉ်အရ ပြည်နယ်မှူး ဦးကျော်ဝင်းက မူကြိုကျောင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှာစကား ပြောကြားသည်။ ထို့နောက် မူကြိုကျောင်းအုပ်ဆရာမ ဒေါ်ဝတ်ရည်ဖြိုးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ရန်ကင်းမြို့နယ် အမှတ်(၁၂) အခြေခံပညာမူလတန်းကျောင်း ၂၀၀၉-၂၀၁၀ပညာသင်နှစ် မိဘဆရာအသင်းအစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၅ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုရီက စတုတ္ထတန်းတွင် လေးဘာသာဂုဏ်ထူးဖြင့် ပထမဆုရ မောင်ဟိန်းထက်ဇော်အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။ (၁၇၀)

မင်းလှမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

မင်းလှ ဇန်နဝါရီ ၂၂

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်(၅၀)ပြည့် ရွှေရတုသဘင်၊ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၀ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဓမ္မာရုံ၌ကျင်းပမည်ဖြစ်ရာ အသက်(၇၅)နှစ်နှင့်အထက် အသင်းဝင် သက်ကြီးဘိုးဘွားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေအပူဇော်ခံတက်ရောက်ကြပြီး ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော အသင်းသူ အသင်းသားများ၏ သားသမီးများ အမှတ်စာရင်းမိတ္တူတင်ပြ၍ အသင်းသို့ စာရင်းပေးကြကာ အဝေးရောက် အသင်းသူ အသင်းသားများ၊ ရန်ကုန်ရောက် မင်းလှမြို့နယ်သူ မြို့နယ်သားများ၊ အသင်းဝင်ပြီးသူဖြစ်စေ၊ မဝင်ရသေးသူဖြစ်စေ တက်ရောက်ကြရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဦးတင်အောင် ဖုန်း-၀၁-၅၂၆၇၃၅၊ ဒေါက်တာဒေါ်ဝင်းကြည် ဖုန်း-၀၁-၅၇၂၁၉၉၊ ၀၉-၅၀၂၀၈၀၂၊ ဦးသန်းစိုး ဖုန်း-၀၁-၅၁၈၂၅၄၊ ၀၉-၅၁၈၂၇၉၁၊ ဒေါက်တာသန်းအောင်စိုး ဖုန်း-၀၁-၃၈၆၇၅၂၊ ဦးတင်မောင်ဦး ဖုန်း-၀၉-၅၀၄၁၇၉၃နှင့် ဒေါက်တာနေမင်းထွန်း ဖုန်း-၀၉-၅၁၆၀၉၃၃ တို့ထံသို့ လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

(၆၃)ကြိမ်မြောက်

တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ ရေးဖြေနှင့် အာဂုံပြန် အောင်စာရင်းထုတ်ပြန်ကြေညာ

နေပြည်တော် ဇန်နဝါရီ ၂၂

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့က ၁၃၇၂ ခုနှစ် နတ်တော်လပြည့်ကျော် ၆ ရက် (၂၀၁၀ခုနှစ် ဒီဇင်ဘာ ၁၂ ရက်)မှ ပြာသိုလဆန်း ၇ ရက် (၂၀၁၁ခုနှစ် ဇန်နဝါရီ ၁၁ ရက်)အထိ ကျင်းပခဲ့သော (၆၃)ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲတွင် ရေးဖြေနှင့်အာဂုံပြန်အောင်မြင်ကြသော ပုဂ္ဂိုလ်များစာရင်းကို ထုတ်ပြန်ကြေညာလိုက်သည် -

(၆၃)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ သဘောရေးဖြေနှင့် အာဂုံပြန်အောင်စာရင်း

ရေးဖြေအောင်စာရင်း

အဘိဓမ္မပိဋက၊ အဘိဓမ္မာပထမပိုင်းငါးကျမ်းသဘောရေးဖြေအောင် မူလအဘိဓမ္မကောဝိဒ(၁)ပါး

၁။ ပလ္လင်အမှတ်(၁၉၈) အရှင်ဝိစိတ္တာလင်္ကာရ၊ အသက် (၃၂) နှစ်၊ သိက္ခာ (၁၂) ဝါ၊ တိပိဋကကျောင်းတော်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

သုတ္တန္တပိဋက၊ ဒီဃနိကာယ်သုံးကျမ်းသဘောရေးဖြေအောင် ဒီဃနိကာယကောဝိဒ (၂)ပါး

၁။ ပလ္လင်အမှတ်(၂၀၈) အရှင်ပညာဝံသာဘိဝံသ၊ အသက်(၃၆) နှစ်၊ သိက္ခာ (၁၅) ဝါ၊ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ပလ္လင်အမှတ်(၂၁၀) အရှင်အာစိဏ္ဏ၊ အသက် (၂၉) နှစ်၊ သိက္ခာ (၉) ဝါ၊ တိပိဋကနိကာယကျောင်းတိုက် ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး

ဝိနယပိဋက၊ ဝိနည်း ဒုတိယပိုင်းသုံးကျမ်းသဘောရေးဖြေအောင် ဝိနယကောဝိဒ (၆)ပါး

၁။ ပလ္လင်အမှတ်(၂၁၉) အရှင်ကေသရ၊ အသက် (၄၁) နှစ်၊ သိက္ခာ (၂၁) ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ် စစ်ကိုင်းတိုင်းဒေသကြီး

၂။ ပလ္လင်အမှတ်(၂၂၄) အရှင်ပညာစက္က၊ အသက် (၃၆) နှစ်၊ သိက္ခာ (၁၆) ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ်(၂၂၈) အရှင်ဉာဏိသရာလင်္ကာရ၊ အသက် (၃၆) နှစ်၊ သိက္ခာ (၁၅) ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၄။ ပလ္လင်အမှတ်(၂၃၄) အရှင်မာနိတ၊ အသက် (၃၁) နှစ်၊ သိက္ခာ (၁၂) ဝါ၊ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ပလ္လင်အမှတ်(၂၄၄) အရှင်အဂ္ဂဝံသ၊ အသက် (၃၀) နှစ်၊ သိက္ခာ (၁၀) ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၆။ ပလ္လင်အမှတ်(၂၄၆) အရှင်ဇောတိသရာလင်္ကာရ၊ အသက် (၂၉) နှစ်၊ သိက္ခာ (၉) ဝါ၊ နိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဝိနယပိဋက၊ ဝိနည်းပထမပိုင်းနှစ်ကျမ်းသဘောရေးဖြေအောင် ဥဘတောဝိဘင်္ဂကောဝိဒ(၉)ပါး

၁။ ပလ္လင်အမှတ်(၂၇၂) အရှင်ဥတ္တမ၊ အသက် (၃၃) နှစ်၊ သိက္ခာ (၁၃) ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး

၂။ ပလ္လင်အမှတ်(၂၉၆) အရှင်ပညိန္ဒ(မုံရွာ)၊ အသက် (၃၀) နှစ်၊ သိက္ခာ (၁၀) ဝါ၊ တိပိဋကနိကာယ ကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ်(၃၁၃) အရှင်ဂန္ဓမာ၊ အသက် (၂၈) နှစ်၊ သိက္ခာ (၈) ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၄။ ပလ္လင်အမှတ်(၃၁၅) အရှင်ပဏ္ဍိစ္စ၊ အသက် (၂၇) နှစ်၊ သိက္ခာ (၈) ဝါ၊ ရွှေတောင်ဦးတိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၅။ ပလ္လင်အမှတ်(၃၁၉) အရှင်ဝိစက္ခဏာလင်္ကာရ၊ အသက် (၂၇) နှစ်၊ သိက္ခာ (၇) ဝါ၊ ရွှေတောင်ဦးတိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၆။ ပလ္လင်အမှတ်(၃၂၀) အရှင်နန္ဒသိရီ၊ အသက် (၂၇) နှစ်၊ သိက္ခာ (၇) ဝါ၊ ရွှေတောင်ဦးတိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၇။ ပလ္လင်အမှတ်(၃၂၂) အရှင်အစ္ဆရိယ၊ အသက် (၂၇) နှစ်၊ သိက္ခာ (၇) ဝါ၊ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈။ ပလ္လင်အမှတ်(၃၂၆) အရှင်ခေမာနန္ဒာလင်္ကာရ၊ အသက် (၂၇) နှစ်၊ သိက္ခာ (၇) ဝါ၊ ပဋ္ဌာနတာရုံကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၉။ ပလ္လင်အမှတ်(၃၃၃) အရှင်အာနန္ဒပဏ္ဍိတာလင်္ကာရ၊ အသက် (၂၅) နှစ်၊ သိက္ခာ (၅) ဝါ၊ သာမဏေကျော် ပရိယတ္တိစာသင်တိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

အာဂုံပြန်အောင်စာရင်း

အဘိဓမ္မပိဋက၊ အဘိဓမ္မာရှေ့ပိုင်းငါးကျမ်းအာဂုံအောင် မူလအာဘိဓမ္မိက (၄)ပါး

၁။ ပလ္လင်အမှတ်(၄) အရှင်ခေမာဝံသ၊ အသက် (၄၄) နှစ်၊ သိက္ခာ (၂၄) ဝါ၊ မိုင်းသောက်တောရစာသင်တိုက်၊ အင်းလေးဒေသညောင်ရွှေမြို့နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)

၂။ ပလ္လင်အမှတ်(၅) အရှင်ဣန္ဒောဘာသာလင်္ကာရ၊ အသက် (၃၉) နှစ်၊ သိက္ခာ (၁၉) ဝါ၊ မဟာခေမိကာရာမ ရွှေကျင်ကျောင်း၊ သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး

၃။ ပလ္လင်အမှတ်(၆) အရှင်ပညာဝံသာလင်္ကာရ၊ အသက် (၃၉) နှစ်၊ သိက္ခာ (၁၉) ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(အထူးအောင်)

၄။ ပလ္လင်အမှတ်(၈) အရှင်ဝိစိတ္တသာရ၊ အသက် (၃၆) နှစ်၊ သိက္ခာ (၁၆) ဝါ၊ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

သုတ္တန္တပိဋက၊ ဒီဃနိကာယသုံးကျမ်းအာဂုံအောင် ဒီဃဘာဏက (၂)ပါး

၁။ ပလ္လင်အမှတ်(၁၀) အရှင်ခေမာစာရ၊ အသက် (၄၃) နှစ်၊ သိက္ခာ (၂၃) ဝါ၊ တိပိဋကကျောင်းတော်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ပလ္လင်အမှတ်(၁၁) အရှင်ဇောတိကာလင်္ကာရ၊ အသက် (၃၂) နှစ်၊ သိက္ခာ (၁၁) ဝါ၊ တိပိဋကနိကာယ ကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်းသုံးကျမ်းအာဂုံအောင် ဝိနယဓရ (၁၉)ပါး

၁။ ပလ္လင်အမှတ်(၁၉) အရှင်အင်္ဂီရ၊ အသက် (၃၂) နှစ်၊ သိက္ခာ (၁၂) ဝါ၊ ရွှေတောင်ဦး တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ပလ္လင်အမှတ်(၂၈) အရှင်သြဘာသ၊ အသက် (၂၇) နှစ်၊ သိက္ခာ (၈) ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ ပလ္လင်အမှတ်(၂၉) အရှင်ကုဏ္ဍလာလင်္ကာရ၊ အသက် (၂၈) နှစ်၊ သိက္ခာ (၈) ဝါ၊ တိပိဋကမဟာဂန္ဓာရုံ ကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ပလ္လင်အမှတ်(၃၁) အရှင်စန္ဒောဘာသ၊ အသက် (၂၇) နှစ်၊ သိက္ခာ (၇) ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၅။ ပလ္လင်အမှတ်(၃၃) အရှင်ပညာဖလ၊ အသက် (၂၆) နှစ်၊ သိက္ခာ (၇) ဝါ၊ ရွှေတောင်ဦးတိပိဋက ဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၆။ ပလ္လင်အမှတ်(၃၆) အရှင်ဣန္ဒဝံသ၊ အသက် (၂၆) နှစ်၊ သိက္ခာ (၆) ဝါ၊ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇။ ပလ္လင်အမှတ်(၃၇) အရှင်ဥတ္တရာလင်္ကာရ၊ အသက် (၂၇) နှစ်၊ သိက္ခာ (၆) ဝါ၊ ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈။ ပလ္လင်အမှတ်(၄၀) အရှင်တိက္ခသာရာလင်္ကာရ၊ အသက် (၂၆) နှစ်၊ သိက္ခာ (၅) ဝါ၊ ရွှေတောင်ဦးတိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၉။ ပလ္လင်အမှတ်(၄၃) အရှင်တေဇောဘာသာလင်္ကာရ၊ အသက် (၂၇) နှစ်၊ သိက္ခာ (၅) ဝါ၊ သဒ္ဓမ္မပဋ္ဌာနတာရုံကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၀။ ပလ္လင်အမှတ်(၄၅) အရှင်အဂ္ဂဉာဏာလင်္ကာရ၊ အသက် (၂၄) နှစ်၊ သိက္ခာ (၄) ဝါ၊ ဆင်ဖြူကျောင်းတိုက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၁၁။ ပလ္လင်အမှတ်(၄၈) အရှင်ခေမာသိရီ၊ အသက် (၃၄) နှစ်၊ သိက္ခာ (၁၄) ဝါ၊ နိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၂။ ပလ္လင်အမှတ်(၄၉) အရှင်ဝိရောစန၊ အသက် (၃၃) နှစ်၊ သိက္ခာ (၁၃) ဝါ၊ ရွှေတောင်ဦးတိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၃။ ပလ္လင်အမှတ်(၅၉) အရှင်ဇာနေယျာလင်္ကာရ၊ အသက် (၂၉) နှစ်၊ သိက္ခာ (၈) ဝါ၊ မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၄။ ပလ္လင်အမှတ်(၆၀) အရှင်ဝိဇယာလင်္ကာရ၊ အသက် (၂၆) နှစ်၊ သိက္ခာ (၇) ဝါ၊ တိပိဋကမဟာဂန္ဓာရုံ ကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၅။ ပလ္လင်အမှတ်(၆၃) အရှင်နရိန္ဒ၊ အသက် (၂၇) နှစ်၊ သိက္ခာ (၇) ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၆။ ပလ္လင်အမှတ်(၆၄) အရှင်ပညာဘောဂ၊ အသက် (၂၇) နှစ်၊ သိက္ခာ (၇) ဝါ၊ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၇။ ပလ္လင်အမှတ်(၆၉) အရှင်ဉာဏိသရာလင်္ကာရ၊ အသက် (၂၆) နှစ်၊ သိက္ခာ (၆) ဝါ၊ မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၈။ ပလ္လင်အမှတ်(၇၃) အရှင်နန္ဒိသာရာလင်္ကာရ၊ အသက် (၂၅) နှစ်၊ သိက္ခာ (၅) ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၉။ ပလ္လင်အမှတ်(၇၆) အရှင်သီလာနန္ဒာလင်္ကာရ၊ အသက် (၂၄) နှစ်၊ သိက္ခာ (၄) ဝါ၊ ဇေယျာပူရစာသင်တိုက်၊ ကျောက်တန်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး

(ဆက်လက်ဖော်ပြပါမည်)

နိုင်ငံတကာသတင်းများ

ဂြိုဟ်တုသယ်ဆောင်သည့် အကြီးဆုံးဒုံးပျံ ကယ်လီဖိုးနီးယားပြည်နယ်မှ လွှတ်တင်



ကယ်လီဖိုးနီးယားပြည်နယ် ဗန်ဒင်ဘတ်စခန်းမှ ဒုံးပျံလွှတ်တင်စဉ်။

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၂၂

အမေရိကန်နိုင်ငံက သတင်းဆက်သွယ်ရေးဂြိုဟ်တုတစ်လုံးကို သယ်ဆောင်သည့် အကြီးဆုံးဒုံးပျံ ဒဲလ်တာ-၄ ဟဲဗီးကို ကယ်လီဖိုးနီးယားပြည်နယ် ဗန်ဒင်ဘတ်လေတပ်စခန်းမှ ဇန်နဝါရီ ၂၀ ရက်က လွှတ်တင်လိုက်သည်။

လွှတ်တင်

အင်ဂျင်သုံးလုံးတပ် ဒဲလ်တာ-၄ ဟဲဗီးဒုံးပျံကို ဇန်နဝါရီ ၂၀ ရက် မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် လော့စ်အိန်ဂျလိစ်မြို့မှ မိုင် ၁၃၀ အကွာရှိ ဗန်ဒင်ဘတ် လေတပ်စခန်းမှ လွှတ်တင်လိုက်ခြင်းဖြစ်သည်။

အမြင့် ၂၃၅ ပေရှိသည့် ယင်းဒုံးပျံမှာ ဗန်ဒင်ဘတ် လေတပ်စခန်းမှ လွှတ်တင်သမျှ ဒုံးပျံများတွင် အကြီးဆုံးဖြစ်သည်။ ဟိုက်ဒရိုဂျင် လောင်စာသုံးအင်ဂျင်သုံးခုက မြင်းကောင်ရေ အင်အား၁၇ သန်းရှိသည်။ **(အင်တာနက်)**



ဗီယက်နမ်ကုန်သင်္ဘော အိုမန်ကမ်းလွန်၌ ပြန်ပေးဆွဲခံရ

မတ်စကက် ဇန်နဝါရီ ၂၂

အိန္ဒိယသမုဒ္ဒရာအတွင်း အိုမန်နိုင်ငံကမ်းလွန်တွင် သင်္ဘောသား ၂၄ ဦး လိုက်ပါလာသည့် ဗီယက်နမ်ပိုင် ကုန်သင်္ဘောတစ်စင်းကို ဆိုမာလီပင်လယ်ဓားပြများ ဇန်နဝါရီ ၂၁ရက်က အပိုင်စီးပြန်ပေးဆွဲသွားကြောင်း ဥရောပသမဂ္ဂ (အီးယူ)ပင်လယ်ဓားပြ နှိမ်နင်းရေးအဖွဲ့က ကြေညာသည်။ **(အပေါ်ပုံ)**

ဥရောပသမဂ္ဂ (အီးယူ) ပင်လယ်ဓားပြ နှိမ်နင်းရေးအဖွဲ့က ဇန်နဝါရီ ၂၁ ရက်က ထုတ်ပြန်သည့် ကြေညာချက်တွင် တန်ချိန် ၂၂၈၅၃ ရှိ အမ်ဗွီဟောင်ဆွန်ဆန်သင်္ဘောကို အိုမန်နိုင်ငံ မတ်စကက်ဆိပ်ကမ်း အရှေ့တောင်ဘက် ရေမိုင် ၅၂၀ ခန့်အရောက် ပင်လယ်ဓားပြများက အပိုင်စီးလိုက်ခြင်းဖြစ်သည်ဟု ဖော်ပြထားသည်။

ပင်လယ်ဓားပြ တိုက်ခိုက်မှုမှ ကာကွယ်ရန်အတွက် အဆိုပါ သင်္ဘောမှာ ရေကြောင်းလမ်းကာကွယ်ပေးရေး အာဏာပိုင်များထံ မှတ်ပုံတင်ထားခြင်း မရှိကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။ **(အင်တာနက်)**

သစ်သီးနှင့်ဟင်းသီးဟင်းရွက် နေ့စဉ်စားသုံးပါက နှလုံးရောဂါဖြစ်ပွားမှုမှ ကာကွယ်နိုင်

လန်ဒန် ဇန်နဝါရီ ၂၂

လူတစ်ဦးချင်း သစ်သီးနှင့်ဟင်းသီးဟင်းရွက် နေ့စဉ်ဂရမ် ၆၄၀ စားသုံးခြင်းဖြင့် နှလုံးရောဂါဖြစ်ပွားမှုမှ ကာကွယ်ပေးနိုင်ကြောင်း ထပ်မံလေ့လာတွေ့ ရှိရသည်။

ကြာခဲ့ပြီ

ဟင်းသီးဟင်းရွက်နှင့်သစ်သီး ဂရမ် ၄၀၀ နေ့စဉ် စားသုံးခြင်းဖြင့် နှလုံးရောဂါကာကွယ်နိုင်သည်ဟုဆိုသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိတ်ချ်အို)၏ ယခင်အကြံပြုချက်မှာ ဆယ်စုနှစ်များစွာ ကြာခဲ့ပြီဖြစ်သည်။ ယခုတွေ့ ရှိချက်သည် အဆိုပါအကြံပြုချက်ကို အခိုင်အမာ ထောက်ခံအတည်ပြုလိုက်ခြင်း ဖြစ်သည်။

ထုတ်ဖော်

အောက်စဖို့ဒ်တက္ကသိုလ်သုတေသီများက လူပေါင်း ၃၀၀၀၀၀ ကျော်ကို စောင့်ကြည့်လေ့လာပြီးမှ ဂရမ် ၆၄၀ နေ့စဉ်စားသုံးရန် လိုအပ်ကြောင်း တွေ့ရှိချက်ကို ထုတ်ဖော်လိုက်ခြင်းဖြစ်သည်။ *(အင်တာနက်)*

ကုလသမဂ္ဂ အရေးပေါ်ကယ်ဆယ်ရေးမှူး သီရိလင်္ကာ ရေလွှမ်းဒေသများသို့ရောက်ရှိ

ကိုလံဘို ဇန်နဝါရီ ၂၂

ကုလသမဂ္ဂ အရေးပေါ်ကယ်ဆယ်ညှိနှိုင်းရေးမှူး ကက်သရင်းဘရက်သည် သီရိလင်္ကာနိုင်ငံ မြောက်ပိုင်းနှင့် အရှေ့ပိုင်းမှ ရေဘေးဒုက္ခအများဆုံး ကြုံရသည့်ဒေသများသို့ ခရီးလှည့်လျက်ရှိကြောင်း အရာရှိများက ဇန်နဝါရီ ၂၂ ရက်တွင် ပြောကြားသည်။

မီးစ်ဘရက်သည် သီရိလင်္ကာနိုင်ငံမြောက်ပိုင်း မူလာသီခရိုင်သို့ လေကြောင်းမှရောက်ရှိပြီး နိုင်ငံအရှေ့ပိုင်း အဆိုးဆုံး ရေဘေးဒုက္ခကြုံရသည့် ဘက်တီကာကိုခရိုင်သို့ သွားရောက်မည်ဖြစ်သည်။

သီရိလင်္ကာနိုင်ငံ ၁၁ ခရိုင်တွင် ရေလွှမ်းခံရပြီး အနည်းဆုံး ၄၃ ဦးသေဆုံးခဲ့သည်။ စုစုပေါင်း ရေဘေးဒုက္ခသည် တစ်သန်းကျော်ရှိသည်။ သီရိလင်္ကာ ရေဘေးဒုက္ခသည်များအတွက် အရေးပေါ်အကူအညီအဖြစ် အမေရိကန်ဒေါ်လာ ၅၁ သန်းထည့်ဝင်ကြရန် ကုလသမဂ္ဂက ကမ္ဘာ့နိုင်ငံများကို မေတ္တာရပ်ခံထားသည်။ **(အင်တာနက်)**

ရေတိမ်ပိုင်းငါးမန်းများ အရောင်ခွဲခြားနိုင်

ကွင်းစလန်း ဇန်နဝါရီ ၂၂

ဩစတြေးလျသိပ္ပံပညာရှင်များက အဏုကြည့်ရောင်စဉ်ဓာတ်ပုံရိုက်ကိရိယာအသုံးပြုပြီး ငါးမန်းများကို လေ့လာရာ၌ အချို့သော ငါးမန်းများမှာ အရောင်များကို မခွဲခြားနိုင်ကြောင်း တွေ့ရှိရသည်ဆို၏။

ငါးမန်း၏ မျက်စိအာရုံခံလွှာတွင် အလင်းရောင်လက်ခံသည့် ကလာပ်စည်းတစ်မျိုးသာ တွေ့ရကြောင်း ဩစတြေးလျ သိပ္ပံပညာရှင်များက ပြောကြားသည်။ **(ယာပုံ)**

သုံးမျိုးရှိ

လူ၏မျက်စိအာရုံလွှာတွင်မူ အပြာရောင်၊ အစိမ်းရောင်နှင့် အနီရောင်တို့ကို အထူးခွဲခြားသိတတ်သော အလင်းရောင် လက်ခံသည့် ကလာပ်စည်းသုံးမျိုးရှိသည်။ ထို့ကြောင့်ပင် ငါးမန်းများ အရောင်မခွဲခြားနိုင်ခြင်းဖြစ်သည်ဟု ဆိုသည်။ ယင်းသို့ တွေ့ရှိရခြင်းမှာ ရေကူးသူများအား ငါးမန်းတိုက်ခိုက်မှုမှ မည်သို့ကာကွယ်ရမည်ကို စူးစမ်းရင်း တွေ့ရှိလိုက်သော အချက်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

တွေ့ရှိ

ဩစတြေးလျ သိပ္ပံပညာရှင်များက လူကို ရန်အလိုဆုံး ရေတိမ်ပိုင်း ငါးမန်းများအား သုတေသနပြုရာမှ ယင်းသို့ တွေ့ရှိခြင်းဖြစ်သည်။ **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်းများ

>> မိုးမြင့်လင်းလက် – စုစည်းသည် <<

ရုရှားရှိ မီးတောင်တစ်လုံး ပေါက်ကွဲရန်တာစူနေ

ဗလာဒီဗော့စကော့ ဇန်နဝါရီ ၂၂

ရုရှားနိုင်ငံ ကမ်ချက်ကာကျွန်းဆွယ်ပေါ်ရှိ မီးတောင်တစ်လုံး **(ယာပုံ)** မှာ ဇန်နဝါရီ ၂၂ ရက်က လှုပ်ရှားလာပြီး ပေါက်ကွဲရန်တာစူလျက်ရှိရာ ပြာမှုန်နှင့် မီးခိုးများမှုတ်ထုတ်လျက်ရှိကြောင်း၊ မီးခိုးနှင့်ပြာမှုန်များမှာ လေထုအတွင်း လွင့်ပျံလျက်ရှိကြောင်း ရုရှားမီဒီယာများက ဇန်နဝါရီ ၂၂ ရက်၌ ဖော်ပြသည်။

ပေါက်ကွဲနိုင်

၄င်းကျွန်းဆွယ်ပေါ်တွင် မီးတောင်ရှင်ပေါင်း ၂၉ လုံးခန့် တည်ရှိနေပြီး ယင်းမီးတောင်များအနက် ယခုမီးတောင်မှာ လာမည့် ၂၄ နာရီအတွင်း ပေါက်ကွဲနိုင်မည်ဟု မီးတောင်သုတေသနပညာရှင်များက ပြောကြားသည်။ မီးတောင်ပေါက်ကွဲနိုင်မှုအခြေအနေနှင့် ပြာမှုန်များ လွင့်ပျံကျဆင်းနေမှုများကြောင့် မီးတောင်အနီးဝန်းကျင်ဒေသရှိ နေထိုင်သူဒေသခံများအား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးထားရကြောင်း သတင်းထုတ်ပြန်သည်။ **(အင်တာနက်)**

အိန္ဒိယနိုင်ငံကမ်းလွန်၌ ရေနံများယိုဖိတ်

မွမ်ဘိုင်း ဇန်နဝါရီ ၂၂

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ကမ်းလွန်တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ တူးဖော်ရေးလုပ်ငန်းခွင်တစ်ခုမှ ဇန်နဝါရီ ၂၂ ရက်က ရေနံများ ယိုဖိတ်ထွက်ခဲ့ကြောင်း အိန္ဒိယစွမ်းအင်အရာရှိများက ပြောကြားသည်။ **(ဝဲပုံ)**

ရေနံများယိုဖိတ်သည့် နေရာမှာ မွမ်ဘိုင်းကမ်းလွန်မှ ကီလိုမီတာ ၈၀ ခန့်အကွာ ရေပြင်၌ဖြစ်ပြီး ရေနံများယိုဖိတ်ပျံ့နှံ့နေမှုအကျယ်အဝန်းမှာ ယခုအချိန်အထိ တစ်မိုင်ဝန်းကျင်ခန့်ရှိနေကြောင်း ၄င်းတို့က ဆက်လက်ပြောကြားသည်။

ရေပြင်၌ ယိုဖိတ်ပျံ့နှံ့နေသောရေနံများကို ရှင်းလင်းရန်နှင့် ရေနံယိုဖိတ်ထွက်ရှိနေမှုကို ပိတ်ဆို့ရန်အတွက် အထူးရေယာဉ်နှင့်သင်္ဘောများကို စေလွှတ်လိုက်ပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရန် အမြန်ဆုံးစီစဉ်ဆောင်ရွက်နေကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

ဆီးရီးယားကုန်သင်္ဘောအပိုင်စီးခံရ

နိုင်ရိုဘီ ဇန်နဝါရီ ၂၂

သင်္ဘောသား ၂၅ ဦးလိုက်ပါလာသည့် ဆီးရီးယားနိုင်ငံပိုင် ကုန်သင်္ဘောတစ်စင်းကို အာရေဗျပင်လယ်မြောက်ပိုင်း၌ ဆိုမာလီပင်လယ်ဓားပြများက အပိုင်စီးပြန်ပေးဆွဲသွားကြောင်း ဥရောပသမဂ္ဂ(အီးယူ) ပင်လယ်ဓားပြနှိမ်နင်းရေးအဖွဲ့က ဇန်နဝါရီ ၂၂ ရက်၌ ကြေညာသည်။

၂၄၀၂၂ တန်ချိန်ရှိ တွန်ဂါအလံလွှင့်ထူထားသော အဆိုပါအမ်ဗွီခါလက်မူဟီဒင်သင်္ဘောကို အိုမန်နိုင်ငံ ဆာလာလာဆိပ်ကမ်း၏အရှေ့တောင်ဘက် ရေမိုင် ၃၃၀ ခန့်၌ ဇန်နဝါရီ ၂၀ ရက် ညနေပိုင်းတွင် ပင်လယ်ဓားပြများက ပြန်ပေးဆွဲခြင်းဖြစ်သည်ဟု အီးယူရေတပ်ပြောရေးဆိုခွင့်ရှိသူ ပက်ဒီအိုဘင်နေဒီက ပြောကြားသည်။ **(အောက်ပုံ)**

ယင်းသင်္ဘောသည် စင်ကာပူမှ ယီမင်နိုင်ငံ အယ်ဟူဒေဒါဆိပ်ကမ်းသို့အသွား ပင်လယ်ဓားပြများနှင့်ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။ **(အင်တာနက်)**

ရုပ်ရှင်အကယ်ဒမီဆု ဒီနှစ် ဘယ်သူတွေရနိုင်မလဲ

ဒါရိုက်တာ စင်ရော်မောင်မောင်၊ သရုပ်ဆောင် စိုးမြတ်သူဇာ၊ ခန့်စည်သူ၊ မင်းမော်ကွန်းတို့နှင့် လျှပ်တစ်ပြက်အင်တာဗျူး

တွေ့ဆုံမေးမြန်းသူ - မြင့်မောင်စိုး၊ ဓာတ်ပုံမှတ်တမ်း - သတင်းထောက်ထွန်းဇော် (စမ်းချောင်း)

(ယမန်နေ့မှအဆက်)

ရန်ကုန် ဇန်နဝါရီ ၂၂

ပရိသတ်များမျှော်လင့်စောင့်စားနေတဲ့ ၂၀၀၉ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု)ပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၃ရက် (ယနေ့) ညနေ ၆ နာရီမှာ နေပြည်တော် မြို့တော်ခန်းမရဲ့ လဟာပြင်ကဇာတ်ရုံ အတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပတော့မှာ ဖြစ်ပါတယ်။

ဒီနေ့မှာတော့ ပရိသတ်တွေနဲ့ အနုပညာလောကသားတွေရဲ့ အကယ်ဒမီ ကြိုတင်ခန့်မှန်းမှုတွေဟာ ဘယ်လောက်မှန်ကန်မှုရှိတယ်ဆိုတာ မြင်တွေ့သိရှိကြရတော့မှာ ဖြစ်ပါတယ်။ အကယ်ဒမီဆုပေးပွဲမကျင်းပမီ ရုပ်ရှင်ချစ်ပြည်သူများ အကြို ရင်ခုန်ခံစားနိုင်ဖို့ ဒီနှစ်မှာအကယ်ဒမီဆုရရှိလိမ့်မယ်လို့ နာမည်ကြီးနေတဲ့ အနုပညာရှင်အချို့ကို မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းမှုတွေ ပြုလုပ်ခဲ့ပါတယ်။

"ကျွန်တော့်ရဲ့ လုပ်ဖော် ကိုင်ဖက်တွေ ဘယ်သူပဲဖြစ်ဖြစ် အကယ်ဒမီဆုရခဲ့ရင် ဝမ်းသာမိမှာပါ"
အကယ်ဒမီစင်ရော်မောင်မောင်။

ဦးစွာ တွေ့ဆုံမေးမြန်းခဲ့သူကတော့ ဒီနှစ် အကယ်ဒမီအတွက် နာမည်ကြီးနေတဲ့ ဒါရိုက်တာ စင်ရော်မောင်မောင်ကိုပဲ ဖြစ်ပါတယ်။ မြေနီကုန်းပလာဇာမှာရှိတဲ့ ရုံးခန်းမှာ သွားရောက် တွေ့ဆုံ မေးမြန်းခဲ့တာ ဖြစ်ပါတယ်။

အကယ်ဒမီ စင်ရော်မောင်မောင်

မေး - **၂၀၀၉ခုနှစ်ထဲမှာ ဦးမောင် ရိုက်ကူးတဲ့ ဒရာမာကား နာမည်လေး ပြောပြပေးပါဦး။**

ဖြေ - ဒီ ၂၀၀၉ ခုနှစ်ထဲမှာ ကျွန်တော်ရိုက်ကူးခဲ့တဲ့ ဇာတ်ကားကတော့ **ကြိုးကြာတောင်ပံခတ်သံ** လို့ အမည်ရတဲ့ ဒရာမာကား ဖြစ်ပါတယ်။ ဒီဇာတ်ကားမှာ နေတိုးနဲ့ အိန္ဒြာကျော်ဇင်တို့ အဓိကပါဝင် သရုပ်ဆောင် ထားကြပါတယ်။

မေး - **ဒီဇာတ်ကားရဲ့ အဓိကကျော ရိုးလေး ပြောပြပေးပါဦး။**

ဖြေ - ဒီဇာတ်ကားက ချင်းပြည်နယ် ဖလမ်းမြို့မှာ တာဝန်ထမ်းဆောင်နေတဲ့ ဆရာဝန်တစ်ဦးရဲ့ စွန့်လွှတ်အနစ်နာခံတတ်တဲ့ စိတ်ဓာတ်ကိုဖော်ပြထားတဲ့ ဇာတ်ကားတစ်ကား ဖြစ်ပါတယ်။ အဓိကကတော့ နယ်စပ်ဒေသတွေမှာ သူ့လိုဆရာဝန်တွေ တိုးတက်များပြားလာဖို့ ရည်ရွယ်တာ ဖြစ်ပါတယ်။

မေး - **ဒီဇာတ်ကားရဲ့ အကယ်ဒမီ မျှော်လင့်ချက်လေးရှိရင်ပြောပြပေးပါဦး။**

ဖြေ - ဒီဇာတ်ကားနဲ့ ကျွန်တော်ကိုယ်တိုင်ပဲဖြစ်ဖြစ်၊ ကျွန်တော့်ရဲ့ လုပ်ဖော်ကိုင်ဖက်တွေ ဘယ်သူပဲဖြစ်ဖြစ် အကယ်ဒမီဆုရခဲ့မယ်ဆိုရင် အတိုင်းမသိ ဝမ်းသာမိမှာပါလို့ မြန်မာ့အလင်းကို ပြောပြပါတယ်။

ဒါ့အပြင် ဇန်နဝါရီ ၂၀ ရက်က ဆီဒိုးနားဟိုတယ်မှာ ကျင်းပခဲ့တဲ့ သရုပ်ဆောင် ပြေတီဦးနဲ့ အိန္ဒြာကျော်ဇင်တို့ရဲ့ မင်္ဂလာဧည့်ခံပွဲ အခမ်းအနားကို တက်ရောက်လာတဲ့ အကယ်ဒမီ စိုးမြတ်သူဇာနဲ့ တွေ့ဆုံကာ အကယ်ဒမီ ရင်ခုန်သံနဲ့ ပတ်သက်လို့ မေးမြန်းခဲ့ပါသေးတယ်။

"ဒီနှစ်အကယ်ဒမီဆုအတွက် သိပ် မျှော်လင့်မထားပါဘူး"
အကယ်ဒမီ စိုးမြတ်သူဇာ။

အကယ်ဒမီ စိုးမြတ်သူဇာ

မေး - **ဒီနှစ် အကယ်ဒမီနဲ့ ပတ်သက်ပြီး ဘယ်အနုပညာရှင်တွေရမယ်လို့ ကြားပါသလဲခင်ဗျာ။ ကြားသိသမျှလေး ပြောပြပေးပါဦး။**

ဖြေ - ဒီနှစ် အကယ်ဒမီကတော့ အိန္ဒြာကျော်ဇင် (မအူဝဲ) နဲ့ စိုးပြည့်သဇင်လို့ ကြားတယ်။ အမျိုးသားထဲကတော့ နေတိုးနဲ့ မြင့်မြတ်လို့ ကြားတယ်။

မေး - **ဒီနှစ်ထဲ (၂၀၀၉ ခုနှစ်)မှာ မစိုးပါဝင်သရုပ်ဆောင်ထားတဲ့ ဇာတ်ကား ဘယ်နကား များ ရှိပါသလဲခင်ဗျာ။**

ဖြေ - ဒီ ၂၀၀၉ ခုနှစ်ထဲမှာတော့ နှစ်ကားလောက်တော့ ရှိပါတယ်။ ဒါပေမယ့် အကယ်ဒမီဆုအတွက် သိပ်မျှော်လင့်မထားပါဘူးလို့ သရုပ်ဆောင် စိုးမြတ်သူဇာက အပြုံးနဲ့ ဖြေကြားသွားပါတယ်။

စိုးမြတ်သူဇာဟာ ဒီနှစ် အကယ်ဒမီဆုအတွက် နာမည်ကြီးနေတဲ့သူမို့ ပရိသတ်တွေစိတ်ဝင်စားခြင်းခံနေရတဲ့ သရုပ်ဆောင်တစ်ဦးလည်း ဖြစ်ပါတယ်။

ဆက်လက်ပြီး အကယ်ဒမီ ခန့်စည်သူနဲ့လည်း ရုပ်ရှင်အကယ်ဒမီဆုနဲ့ ပတ်သက်ပြီး မေးမြန်းခဲ့ပါတယ်။

"မရသေးတဲ့သူတွေ အကယ်ဒမီဆု ပိုပြီး ရစေချင်ပါတယ်"
အကယ်ဒမီ ခန့်စည်သူ။

အကယ်ဒမီ ခန့်စည်သူ

မေး - **ကိုခန့်စည်သူ ခင်ဗျာ၊ ၂၀၀၉ ခုနှစ် အကယ်ဒမီဆု ဘယ်အနုပညာရှင်တွေရမယ်လို့ ကြားပါသလဲခင်ဗျာ။**

ဖြေ - ကျွန်တော်ကတော့ ဘယ်အနုပညာရှင်ရမယ်လို့တော့ မကြားဘူး။ မရသေးတဲ့ အနုပညာရှင်တွေ ရစေချင်ပါတယ်။

မေး - **ကိုခန့်စည်သူ မနှစ်က အကယ်ဒမီရခဲ့တုန်းက ခံစားမှုလေး ပြောပြပါဦး။**

ဖြေ - သိပ်ပျော်တာပေါ့ဗျာ။အကယ်ဒမီဆိုတာ သရုပ်ဆောင်တွေအတွက် မှတ်တိုင်တစ်ခုပါ။ ဒီဆု ရလိုက်တဲ့ အတွက် ပိုပြီး ကြိုးစားချင်စိတ်တွေ ဖြစ်ပေါ်လာပါတယ်။ ဒီလိုကြိုးစားချင်တဲ့စိတ်တွေ ဖြစ်ပေါ်လာအောင်လည်း ယနေ့ အကယ်ဒမီဆုတွေ ပေးနေတာဖြစ်ပါတယ်လို့ မြန်မာ့အလင်းသို့ ပြောပြခဲ့ပါတယ်။

အကယ်ဒမီ မင်းမော်ကွန်း

တစ်ဖန် အကယ်ဒမီ မင်းမော်ကွန်းနဲ့လည်း ဆီဒိုးနားဟိုတယ်မှာ



ဒီနှစ် အကယ်ဒမီဆု ဘယ်သူတွေရနိုင်မလဲဆိုတာနဲ့ ပတ်သက်ပြီး မေးမြန်းခဲ့ပါသေးတယ်။

မေး - **ဒီ ၂၀၀၉ ခုနှစ်ထဲမှာ ဘယ်အနုပညာရှင်တွေများအကယ်ဒမီရနိုင်မယ်လို့ ကြားပါသလဲ ခင်ဗျာ။**

ဖြေ - ဒီနှစ်ထဲမှာတော့ ကိုနေတိုးနဲ့ မြင့်မြတ်လို့ ပြောသံကြားပါတယ်။ ပြီးတော့ မင်းသမီးထဲကတော့ အူဝဲနဲ့ စိုးပြည့်သဇင်လို့ ကြားတယ်။

မေး - **ဒီ ၂၀၀၉ ခုနှစ်ထဲမှာ ကိုမင်းမော်ကွန်း ပါဝင်သရုပ်ဆောင်ခဲ့တဲ့ ဇာတ်ကားအမည်လေး ပြောပါဦး။**

ဖြေ - ဒါရိုက်တာ အမ်ထော်ဇော် (မော်လမြိုင်) ရိုက်ကူးတဲ့ **အတည်ပေါက် နောက်တဲ့လူ** ဆိုတဲ့ ဇာတ်ကားပါ။ အကယ်ဒမီဆုအတွက် ရင်ခုန်စရာ သိပ်မရှိပါဘူး။

မေး - **လောလောဆယ် ဘာဇာတ်ကားတွေ အရိုက်များနေပါသလဲ ခင်ဗျာ။**

ဖြေ - ယခု လောလောဆယ်တော့ ဟာသကားတွေ အရိုက်များနေပါတယ်။ ဗီဒီယိုကားတွေလည်းရိုက်နေပါတယ်။

"ဒီနှစ် အကယ်ဒမီအတွက် ရင်ခုန်စရာ သိပ်မရှိပါဘူး"
အကယ်ဒမီ မင်းမော်ကွန်း။

အကယ်ဒမီဆု ဘယ်သူတွေရမယ်ဆိုတာ ဒီနေ့ ညနေမှာ သိရှိကြရတော့မှာ ဖြစ်ပါတယ်။ မြန်မာ့အလင်းသတင်းအဖွဲ့ကတော့ အကယ်ဒမီဆုအတွက် နာမည်ကြီးသူတွေနဲ့ တွေ့ဆုံလို့ သူတို့ရဲ့ ရင်တွင်းစကားတွေကို တွေ့ဆုံမေးမြန်းပြီး ရင်ခုန်ခံစား အကယ်ဒမီ စကားတွေကို ပရိသတ်တွေထံမျှဝေပေးခဲ့ပြီးပါပြီ။ ဒါကြောင့် ယနေ့ ညနေမှာ ကျင်းပမယ့် အကယ်ဒမီပွဲကို စောင့်မျှော်ကြည့်ရှုရင်း အကယ်ဒမီဆုအတွက် ပဟေဠိတွေကို အဖြေညှိလိုက်ကြရအောင်ပါလို့...။ ။

မိုးကောင်း စာပေစာနယ်ဇင်း စာပေဟောပြော

မိုးကောင်း ဇန်နဝါရီ ၂၂

မိုးကောင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ကကြီးမှူး၍ စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို ဇန်နဝါရီ ၄ ရက်ညက မိုးကောင်းခန်းမ၌ ကျင်းပရာ စာရေးဆရာချစ်ဦးညို၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊နေဝင်းမြင့်၊ စိုးနိုင်(မန္တလေးတက္ကသိုလ်)နှင့် ခင်ခင်ထူးတို့က စာပေရေးရာများ ဟောပြောကြသည်။ ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်လင်း၊ အတွင်းရေးမှူး ဒေါ်အိအိရွှေနှင့် စာပေဝါသနာရှင်များက စာရေးဆရာများအား အမှတ်တရလက်ဆောင် ပစ္စည်းများပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။ (ဝဝ၁)

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

မွန်ပြည်နယ် ခရိုင်ချင်းဆက်လမ်း အမှတ်(၂) လမ်းနှင့် တံတားကောင်းမွန်ရေးအတွက် စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဒေါ်တင်မိုးမြင့် ဒီဇင်ဘာ ၁၉ ရက်က စစ်ဆေးရာ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနို ရှင်းလင်းတင်ပြစဉ်။ (ပြည်နယ်စည်ပင်)

ချောင်းဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ချောင်းဦး-အမြင့် ကျေးလက်လမ်းပေါ်ရှိ ရှမ်းထူးတံတားပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၉ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးဖြိုးမင်းထိုက်နှင့် အမှုဆောင်အရာရှိ ဦးကျော်စိုးတို့ ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမြင့် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကလောမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ ပျိုးထောင်ထားရှိမှုကို စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ) ဦးမြင့်ဦး စစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သထုံမြို့နယ် နန်းတော်ရာအနောက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ပြီးစီးမှုကို ဇန်နဝါရီ ၁၀ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးနှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းနိုင်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှိုင်နှင့်အဖွဲ့ ဒီဇင်ဘာ ၃၁ ရက်က အုတ်ဖိုမြို့နယ် ဂုံညင်းတန်း- အိုးသည်ကုန်းလမ်း ကတ္တရာထပ်ပိုးလွှာလမ်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်အောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်တင့်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

● *ကျောဖုံးမှ*

မင်းဘူး-ပွင့်ဖြူရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက **"နိုင်ငံတော်အတွက် ရေရှည်အကျိုးဖြစ်ထွန်းရေး၊ တိုင်းရင်းသားချစ်ကြည်ရင်းနှီးမှု တိုးပွားခိုင်မာရေးတို့အတွက် အခြေခံအဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများကို ယနေ့ထက်မနက်ဖြန်တွင် ပိုမိုတိုးတက်စေရအောင် မှန်ကန်သော နည်းလမ်းများဖြင့် တက်ညီလက်ညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန်"** လမ်းညွှန်မှာကြားခဲ့ကြောင်း။

နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ရာ ဧရာဝတီမြစ် အနောက်ဘက်ခြမ်းတွင် ပုသိမ်-မုံရွာ ကားလမ်းမကြီးကို ဖောက်လုပ်ပေးခဲ့သဖြင့် ၄င်းလမ်းမကြီး ဖြတ်သန်းသွားလာရာ နယ်မြေအသီးသီးကို ကားဖြင့်ဆက်သွယ်သွားလာနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ရထားလမ်းအနေဖြင့်လည်း ယခင်က ပုသိမ်-ကြံခင်းအထိသာ ရှိခဲ့သော်လည်း ယခုအခါ ကြံခင်းမှ ပခုက္ကူအထိ ဆက်စပ် ဖောက်လုပ်ပေးခြင်းဖြင့် ဧရာဝတီမြစ် အနောက်ဘက်ခြမ်း၏ အဓိကရထားလမ်းမကြီးအဖြစ် ပေါ်ထွန်းလာမည့် အရှည်မိုင် ၃၂၀ရှိ ကြံခင်း-ပခုက္ကူရထားလမ်းမကြီးကို အပိုင်းလိုက် ဖောက်လုပ်ဖွင့်လှစ်ပေးလျက်ရှိရာ ယနေ့ မင်းဘူး-ပွင့်ဖြူ အရှည်မိုင် ၂၀ရှိ ရထားလမ်းသစ်ဖွင့်ပွဲသည် (၉) ကြိမ်မြောက်ဖွင့်ပွဲဖြစ်ကာ ယောချောင်း-ကျွန်းချောင်းအပိုင်းနှင့် ပွင့်ဖြူ-ဆင်ဖြူကျွန်းအပိုင်းတို့ ဖောက်လုပ်ပြီးစီးပါက ပုသိမ်မှ ပခုက္ကူအထိ ရထားတောက်လျှောက် ပြေးဆွဲနိုင်တော့မည်ဖြစ်ကြောင်း။

ဖွင့်လှစ်နိုင်ခဲ့

ယနေ့ ဖွင့်လှစ်သည့် မင်းဘူး-ပွင့်ဖြူ ရထားလမ်းပိုင်းကို ၁-၄-၂၀၀၈ရက်နေ့တွင် စတင်ဖောက်လုပ်ခဲ့ပြီး ယနေ့ ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် သုံးနှစ်နှင့် သုံးလ ကြာမြင့်ခဲ့ကြောင်း၊ ယခု ရထားလမ်းပိုင်းတွင် တံတားကြီးငယ် စုစုပေါင်း ၁၂၂ စင်း၊ ဘူတာလေးဘူတာ၊ အများဆုံးကွေ့ ဒီဂရီ ၆ ဒီဂရီ၊ ကွေ့ပေါင်း ၂၇ ကွေ့နှင့် အများဆုံးဆင်ခြေလျှော (၁း၁၀၀) ဖြစ်ကြောင်း။

ရထားဖြင့် သယ်ယူပို့ဆောင်ခြင်းသည် စရိတ်စကသက်သာပြီး ကုန်ပစ္စည်းများကို များများသယ်ယူနိုင်သည့် လုပ်ငန်းဖြစ်ကြောင်း၊ ထို့အတွက် သယ်ယူပို့ဆောင်မှုစရိတ်သက်သာသည့် လုပ်ငန်းများကို ပြည်ထောင်စုအတွင်း တစ်နေရာမှ တစ်နေရာသို့ လွယ်ကူစွာသွားလာနိုင်ရန်အတွက် မူလရှိပြီးသားရထားလမ်းများနှင့် ဆက်စပ်ပြီး အမျိုးသားမီးရထားကွန်ရက် (National Railway Network) ကို အကောင်အထည်ဖော် တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ ယခင်က ရထားလမ်းမပေါက်ရောက်ခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့သို့ ရထားလမ်းများကို စီမံကိန်းများချမှတ်ပြီး ဖောက်လုပ်ပေးလျက်ရှိရာ ယင်းရထားလမ်းများအားလုံး ပြီးစီးသွားပါက အမျိုးသားမီးရထားကွန်ရက်ကြီးဖြစ်လာတော့မည်ဖြစ်ကြောင်း။

အဆိုပါ မီးရထားလမ်းများမှာ ကြံခင်း-ပခုက္ကူ မိုင် ၃၂၀၊ မင်းဘူး-အမ်း-စစ်တွေ ၂၅၇ မိုင်၊ ကသာ-ဗန်းမော် ၉၈ မိုင်၊ ပျော်ဘွယ်-နတ်မောက်- မကွေး ၉၅ မိုင်၊ မိုးနဲ-ကျိုင်းတုံ ၂၂၆ မိုင်၊ ထားဝယ်-မြိတ် ၁၃၂မိုင်၊ ပုသိမ်-ဘဲဂရက်-လှိုင်သာယာ ၈၉ မိုင်၊ ဟင်္သာတ-ညောင်တုန်း ၄၈ မိုင်၊ ပြည်-တောင်ငူ မိုင် ၁၂၀၊ နေပြည်တော်-တပ်ကုန်း-ပင်လောင်း မိုင် ၁၂၀၊ မြစ်ကြီးနား-ဗန်းမော်-သီပေါ-နမ့်စန် ၄၇၅ မိုင်၊ ကလေး-ကလေးဝ-ယာကြီး-မုံရွာ ၁၃၅ မိုင်နှင့် တောင်ငူ-ယာဒို-လွိုင်ကော် မိုင် ၁၅၀ စုစုပေါင်း ၂၂၆၅မိုင် ဖြစ်ကြောင်း။

ထိုသို့ ဖောက်လုပ်ရန် ခရီးမိုင် ၂၂၆၅ မိုင်ရှိပြီး ဖွင့်လှစ်ပြီး ခရီးမိုင်မှာ ၄၀၃ မိုင် ရှိသဖြင့် ဖောက်လုပ်ဆဲ

တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်၊ ဝန်ကြီးဦးအောင်မင်း၊ ဝန်ကြီးဦးစိုးသိန်းနှင့် မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေတို့ မင်းဘူး-ပွင့်ဖြူ ရထားလမ်းပိုင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။(သတင်းစဉ်)

ရထားလမ်းမကြီး ခရီးမိုင် ၁၈၆၂ မိုင်ကိုလည်း အမြန်ဆုံးဆောင်ရွက်ပြီး အပိုင်းလိုက် ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတကာ၌ ပြောင်းလဲတိုးတက်လာသော နည်းပညာသစ်များနှင့်အတူ သယ်ယူပို့ဆောင်ရေးကဏ္ဍသစ်များ တိုးတက်ပြောင်းလဲလာခဲ့သည်ဟု ဆိုရမည် ဖြစ်သော်လည်း ရထားပို့ဆောင်ရေးလုပ်ငန်းသည် အားထားရသော ဝန်ဆောင်မှုလုပ်ငန်း တစ်ရပ်အဖြစ် ရပ်တည်နေဆဲဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး၌ အဓိကအရေးပါနေဆဲဖြစ်သည့် ရထားပို့ဆောင်ရေးလုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့မြန်ဆန်ပြီး ဘေးအန္တရာယ်ကင်းစွာ သွားလာနိုင်စေရန် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား အနေဖြင့် ရထားလမ်းများ ပိုမိုတိုးတက်ကောင်းမွန်အောင် ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်လာစေရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာစေရန်အတွက် ရထားလမ်းသစ်များကို တိုးချဲ့ ဖောက်လုပ်ပေးခြင်း၊ ကုန်တွဲများကို ကုန်ကျစရိတ်သက်သာစွာ ပြည်တွင်း၌ ထုတ်လုပ်နိုင်ခြင်း စသည့် ရုပ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်စေရေး၊ လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေး အခန်းကဏ္ဍတွင် ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးကို ဦးထိပ်ပန်ဆင်ပြီး ကျရာအခန်းကဏ္ဍက တာဝန်ကျေပွန်စွာ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများ၊ တိုင်းဒေသကြီးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။ ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးများနှင့် တိုင်းဒေသကြီးဥက္ကဋ္ဌတို့သည် မင်းဘူး-ပွင့်ဖြူ ရထားလမ်းပိုင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးက မင်းဘူး-ပွင့်ဖြူ ရထားလမ်းပိုင်း ဖွင့်ပွဲအထိမ်းအမှတ် မော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် ရထားစတင်ပြေးဆွဲမှု အခြေအနေကို လိုက်ပါစီးနင်းကြည့်ရှုစစ်ဆေးကာ ခရီးသွားပြည်သူများအား အမှတ်တရ ပစ္စည်းများ လက်ဆောင်ပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ယခုဖွင့်လှစ်သည့် မင်းဘူး-ပွင့်ဖြူရထားလမ်းပိုင်းသည် အရှည်မိုင် ၃၂၀ ရှိသော ကြံခင်း-ပခုက္ကူရထားလမ်းဖောက်လုပ်ရေး စီမံကိန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး နဝမအကြိမ်မြောက် ဖွင့်လှစ်ပေးသည့် ရထားလမ်းပိုင်းသစ်ဖြစ်ကာ အဆိုပါ ကြံခင်း-ပခုက္ကူရထားလမ်းပိုင်း စီမံကိန်းတွင် ဖောက်လုပ်ရန် ကျန်ရှိသည့် ပွင့်ဖြူ-ဆင်ဖြူကျွန်း ၂၀ ဒသမ ၅၀ မိုင်နှင့် ကျွန်းချောင်း-ယောချောင်း ၁၉ ဒသမ ၅၉ မိုင်တို့ကို ဖောက်လုပ်ပြီးစီးသွားပါက မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့မှ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့သို့လည်းကောင်း၊ ဟင်္သာတမှတစ်ဆင့် ညောင်တုန်း-ရန်ကုန်မြို့အထိ လည်းကောင်း၊ ပခုက္ကူမှတစ်ဆင့် ကလေးမြို့သို့ လည်းကောင်း၊ မင်းဘူး-အမ်း-စစ်တွေလမ်းမကြီးနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သည့် ရခိုင်ပြည်နယ် စစ်တွေမြို့သို့လည်းကောင်း၊ ပျော်ဘွယ်-နတ်မောက်-မကွေး ရထားလမ်းမကြီး ပြီးစီးသွားပါက နေပြည်တော်ကို ဗဟိုပြုပြီး မြန်မာနိုင်ငံဒေသအနှံ့အပြားသို့လည်းကောင်း တစ်ဆက်တစ်စပ်တည်း သွားလာနိုင်ကာ ဒေသထွက်ကုန်ပစ္စည်းများကို စရိတ်စကသက်သာစွာဖြင့် များများနှင့် မြန်မြန်သယ်ယူပို့ဆောင်နိုင်တော့မည် ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး ပုလဲမြို့နယ် လက်ပုကန်ကျေးရွာရှိ တောင်သူတစ်ဦး၏ ကုလားပဲနှင့် နေကြာသီးညှပ် စံပြစိုက်ကွက်ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုးသည် ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် ဂန့်ဂေါမြို့ နယ်မြေခံတပ်ရင်းရဲမာန်ခန်းမ၌ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် မိသားစုဝင်များအားတွေ့ဆုံပြီး မိသားစုများအတွက် လက်ဆောင်ပစ္စည်းများပေးအပ်ကာ တပ်ရင်းအတွင်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မုံရွာ-ပုလဲ-ဂန့်ဂေါ လမ်းပိုင်း လမ်းဘေးဝဲယာတစ်လျှောက်ရှိကျေးရွာများ စည်ပင်ဖွံ့ဖြိုးတိုးတက်နေမှု၊ ဆောင်းသီးနှံများ စိုက်ပျိုးပြီးစီးမှုနှင့် မိုင်တိုင်အမှတ် (၇၁/၂)နှင့် (၇၁/၁)ကြား လမ်းတိုးချဲ့ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပုလဲမြို့နယ် လက်ပုကန်ကျေးရွာရှိ တောင်သူတစ်ဦး၏ ကုလားပဲနှင့် နေကြာသီးညှပ် စံပြစိုက်ကွက်ကို ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်

ဗိုလ်ချုပ်မြင့်စိုးသည် စစ်ကိုင်းတိုင်းဒေသကြီးအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၁၈ရက်တွင် မုံရွာမြို့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး နယ်မြေခံ တပ်ရင်းခန်းမ၌ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် မိသားစုဝင်များအားတွေ့ဆုံ၍ မိသားစုဝင်များအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ တပ်ရင်းအတွင်း စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မင်းဘူး - ပွင့်ဖြူ ရထားလမ်းပိုင်း တစ်လျှောက်ရှိ ဒေသခံပြည်သူများ ရထားလမ်းပိုင်းသစ် ဖွင့်လှစ်နိုင်မှုကို ဂုဏ်ယူဝမ်းမြောက်စွာ ကြိုဆိုနှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

မင်းဘူး-ပွင့်ဖြူ ရထားလမ်းပိုင်းတွင် စတင်ပြေးဆွဲသည့် ရထား၌ လိုက်ပါစီးနင်းကြသည့် ဒေသခံပြည်သူများအား တွေ့ရစဉ်။

(သတင်းစဉ်)

၂၀၁၁ခုနှစ်၊ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

(၂) တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

(၄) တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့်ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

(၅) နှစ်ပေါင်းထောင်ချီ၍ ဥမကွဲသိုက်မပျက် ဖြစ်ထွန်းလျက်ရှိသည့် နိုင်ငံတော်ကြီးကို ပြည်ထောင်စုကြီးအဖြစ် အရှည်တည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသားစည်းလုံး ညီညွတ်မှုစွမ်းပကားဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(တနင်္လာနေ့-နံနက်+နေ့လယ်+ည)

၂၄-၁-၂၀၁၁

- ၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
- ၇း၀၅ တရားတော် **(ရတနသုတ်)**
- ၇း၃၀ ဓမ္မပူဇာတေးပဒေသာ
- ၇း၃၅ (၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
- ၈း၀၀ စံတော်ချိန်+သတင်း
- ၈း၁၀ နံနက်ခင်းတေးပဒေသာ
- ၁၀း၀၀ အမှတ်တရတေးလက်ဆောင်
- ၁၀း၃၀ သတင်းစာအာဘော်
- ၁၀း၃၅ တေးပဒေသာ
- ၁၀း၄၅ လယ်ယာစီးပွား (နှင်းဆီစိုက်ပျိုးနည်း) တေးသီချင်း
- ၁၁း၀၀ နေ့လယ်ခင်းသတင်း
- ၁၁း၁၀ မေတို့တွက်တာအလှကမ္ဘာ (ဆယ်ကျော်သက်တို့အတွက် အလှလျှို့ဝှက်ချက်များ)
- ၁၁း၂၀ နေ့လယ်ခင်းတေးပဒေသာ
- ၁၁း၃၀ သိပ္ပံပညာသိကောင်းစရာ (အာကာသမှာနေရာယူတော့မယ့် စက်ရုပ်လူသားများ)
- ၁၁း၄၀ တေးပဒေသာ
- ၁၂း၀၀ စံတော်ချိန် သိမှတ်ဖွယ်ရာ နိုင်ငံရေးရာ
- ၁၂း၁၅ အလုပ်အကိုင်အခွင့်အလမ်း
- ၁၂း၂၀ တေးပဒေသာ
- ၁၂း၃၀ အားကစားသတင်းပဒေသာ
- ၁၂း၄၀ လူမှုစာနာပြန်ကြားလွှာ နေ့လယ်ခင်းတေးပဒေသာ
- ၁၃း၀၀ မွန်းလွဲပိုင်းသတင်း
- ၁၃း၁၀ ပညာရေးအစီအစဉ် (ပထမတန်း ကာယပညာ) တေးပဒေသာ
- ၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
- ၁၆ း၃၀ သောတရှင်လိုရာတေး
- ၁၇း၀၀ သန့်စွမ်းကျန်းမာကိုယ်ခန္ဓာ (ခွဲစိတ်ကုသပြီးချိန်တွင် သိထားသင့်သောအချက်များ)
- ၁၇း၁၀ ဇာနည်စစ်သည် တေးပန်းချီ
- ၁၇း၂၅ သတင်းစာဆောင်းပါး
- ၁၇း၃၅ အင်္ဂလိပ်စာသုတပဒေသာ(၄၃) ညနေခင်းတေးပဒေသာ
- ၁၈း၀၀ ညနေခင်းသတင်း
- ၁၈း၁၀ တေးချစ်သူရွေးသီ တေးပန်းချီ တေးပဒေသာ
- ၁၉း၀၀ နိုင်ငံတကာသတင်း
- ၁၉း၁၀ ရေဒီယိုဇာတ်လမ်းတွဲ **(နှလုံးသား၏ အကွာရာ)** (ဇာတ်သိမ်းပိုင်း) တေးပဒေသာ
- ၁၉း၄၀ ပြုံးပဒေသာ (မန္တလေးတစ်ပြ) နိုင်ငံရေးဦးတည်ချက်
- ၂၀း၀၀ ပြည်တွင်းသတင်း
- ၂၀း၂၀ **ချမ်းမြေ့သာယာသီရိဂေဟာ** (ကြိုတင်ပြင်ဆင်မှု)
- ၂၀း၃၀ စီးပွားရေးဦးတည်ချက်
- ၂၁း၀၀ သီချင်းကြီး လူမှုရေးဦးတည်ချက်
- ၂၁း၁၅ ခံစားနားဆင် မြန်မာတေးသံစဉ် ညချမ်းချိန်ခါတေးပဒေသာ
- ၂၂း၀၀ အစီအစဉ်ပြီး၏။

သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၂

လူထုပညာရေးမှူးဟောင်းများ မိသားစု သက်ကြီးပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဇန်နဝါရီ ၃၀ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲမှ မွန်းတည့် ၁၂ နာရီအထိ ရွှေတိဂုံဘုရားတောင်ဘက်မုခ် ရွှေကျင်ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ရာ လူထုပညာရေးမှူး မိသားစုများအားလုံး တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

(၁၃)ကြိမ်မြောက် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေးကျင်းပ ဘင်းမ်စတက်စွမ်းအင်ဆိုင်ရာ ဗဟိုဌာနတည်ထောင်ရေး သဘောတူစာချုပ်လွှာလက်မှတ်ရေးထိုး

နေပြည်တော် ဇန်နဝါရီ ၂၂

မြန်မာနိုင်ငံက ဥက္ကဋ္ဌအဖြစ် ကြီးမှူးကျင်းပသည့် (၁၃)ကြိမ်မြောက် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ ဘင်းမ်စတက် အဖွဲ့ဝင် နိုင်ငံများဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ၊ ဘူတန်နိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ အိမ်ရှင် ပြည်ထောင်စုမြန်မာနိုင်ငံ၊ နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်သိမ်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းက အမှာစကားပြောကြားပြီး ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး H.E.Dr. Dipu Moni, M.P၊ ဘူတန်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Lyonpo Yeshey Zimba၊ အိန္ဒိယသမ္မတနိုင်ငံ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ပြည်ပရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mrs. Preneet Kaur ၊ နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် H.E. Ms. Guna Laxmi Sharma (Bishow-karama)၊ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ပြည်ပရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Neomal Perera နှင့် ထိုင်းနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Kasit Piromya တို့ကလည်း အသီးသီးအမှာစကား ပြောကြားကြသည်။

(၁၃)ကြိမ်မြောက် ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေးကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC)၌ ကျင်းပစဉ်။ (သတင်းစဉ်)

ပူးတွဲကြေညာချက်

ထို့နောက် အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပ၍ ဘင်းမ်စတက်အတွင်းရေးမှူးချုပ်ရုံး တည်ထောင်ရေး ကိစ္စရပ်များနှင့် ဘင်းမ်စတက်ကဏ္ဍကြီး (၁၄)ရပ်နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို ဆွေးနွေးကြပြီး ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက ပူးတွဲကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ကြသည်။

အစည်းအဝေးအပြီးတွင် ဘင်းမ်စတက်စွမ်းအင်ဆိုင်ရာ ဗဟိုဌာန တည်ထောင်ရေး သဘောတူစာချုပ်လွှာကို ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံ (၇) နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက လက်မှတ်ရေးထိုးကြသည်။

ကျင်းပခဲ့

ဘင်းမ်စတက် နိုင်ငံခြားရေး ဝန်ကြီးအဆင့် အစည်းအဝေး မကျင်းပမီ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝေက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကာ ၂၀၁၁ခုနှစ် ဇန်နဝါရီ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် (၁၃) ကြိမ်မြောက် ဘင်းမ်စတက် နိုင်ငံခြားရေး ဝန်ကြီးအဆင့် အစည်းအဝေးနှင့် (၁၅) ကြိမ်မြောက် ဘင်းမ်စတက် အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးတို့အတွက် ကြိုတင်ညှိနှိုင်းအစည်းအဝေးနှင့် (၁၅) ကြိမ်မြောက် ဘင်းမ်စတက် အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးတို့ကို နေပြည်တော် ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပခဲ့ကြောင်း သိရှိရသည်။

(၁၃)ကြိမ်မြောက် ဘင်းမ်စတက် နိုင်ငံခြားရေး ဝန်ကြီးအဆင့် အစည်းအဝေးတွင် ဘင်းမ်စတက် စွမ်းအင်ဆိုင်ရာ ဗဟိုဌာန တည်ထောင်ရေး သဘောတူစာချုပ်လွှာကို ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံ (၇)နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ပြန်လည်ထွက်ခွာ

ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့များသည် ညနေပိုင်းတွင် နေပြည်တော်မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားကြပြီး ရန်ကုန်မြို့မှ သက်ဆိုင်ရာ နိုင်ငံများသို့ အသီးသီး ဆက်လက်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် (၁၃) ကြိမ်မြောက် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေးနှင့် (၁၅)ကြိမ်မြောက် ဘင်းမ်စတက် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ဘင်းမ်စတက်၏ နိုင်ငံတကာ အကြမ်းဖက်မှုနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများ၊ တရားမဝင် မူးယစ်ဆေးဝါး မှောင်ခိုမှုများ တိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးစာချုပ်ကို လက်မှတ်ထိုးခဲ့ကြကြောင်း၊ ယင်းစာချုပ်ကို လက်မှတ်ရေးထိုးခြင်းသည် အကြမ်းဖက်မှု၊ စုပေါင်း ကျူးလွန်သည့် ရာဇဝတ်မှုများ၊ တရားမဝင် မှောင်ခိုကူးမှုများကို ပူးပေါင်း တိုက်ဖျက်ကြမည်ဟု သန္နိဋ္ဌာန်ချထားခြင်းကို ဖော်ပြလိုက်ခြင်းပင်ဖြစ်ကြောင်း။

❖ *ရှေ့ဖုံးမှ*

H.E.Ms. Guna Laxmi Sharma (Bishowkarama)၊ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr.Neomal Perera ၊ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး H.E.Mr.Kasit Piromya ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သံအမတ်ကြီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏဝင်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာ၌ ကိုယ်စားလှယ်ကြီးများအား နေပြည်တော်သို့လည်းကောင်း၊ (၁၃)ကြိမ်မြောက် ဘင်္ဂလားပင်လယ်အော်ဒေသအတွင်း ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ်၏ ဝန်ကြီးများအဆင့် အစည်းအဝေးသို့လည်းကောင်း၊ ယခုကဲ့သို့ ကြိုဆိုခွင့်ရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း။

ဆက်သွယ်ပေးထား

ဘင်းမ်စတက်ဒေသသည် ထူးခြားသောအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ၊ အထူးသဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး တိုးတက်ဖြစ်ထွန်းနိုင်သည့် ရှေ့အလားအလာရှိသော ဒေသတစ်ခုဖြစ်ပြီး တောင်အာရှနှင့် အရှေ့တောင်အာရှကို ဆက်သွယ်ပေးထားသည့် ပေါင်းကူးတံတားသဖွယ် တည်ရှိနေသော ဒေသတစ်ခုဖြစ်ကြောင်း။

မိမိအနေဖြင့် မိမိတို့အဖွဲ့ကြီး တည်ထောင်ထားရသည့် ရည်မှန်းချက်နှင့် ဦးတည်ချက်များနှင့်အညီ ဖော်ဆောင်နေသော အရေးပါသည့် ကဏ္ဍအချို့နှင့် စပ်လျဉ်းပြီး အနည်းငယ်ပြောကြားလိုကြောင်း။

အလေးအနက်ယုံကြည်

ဘင်းမ်စတက်၏ လွတ်လပ်သောကုန်သွယ်ရေးဒေသ ထူထောင်ရေးအတွက် ညှိနှိုင်းရေးလုပ်ငန်းစဉ်များတွင် တိုးတက်မှုအချို့ ရှိနေသော်လည်း မိမိတို့အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများကို ဘင်းမ်စတက် လွတ်လပ်သော ကုန်သွယ်ရေးဒေသ ထူထောင်ရေးဆိုင်ရာ ညှိနှိုင်းရေး လုပ်ငန်းများ စောစီးစွာ အပြီးသတ်နိုင်ရေးအတွက် တိုက်တွန်းအားပေးရန် လိုအပ်လျက်ရှိကြောင်း၊ ဘင်းမ်စတက် လွတ်လပ်သော ကုန်သွယ်ရေးဒေသ ထူထောင်ရေးဆိုင်ရာ ညှိနှိုင်းမှုများ စောစီးစွာ အဆုံးသတ်ပြီးစီးပြီး လုပ်ငန်းအကောင်အထည်ဖော်ဆောင်နိုင်ခြင်းသည် မိမိတို့ဒေသအတွက် ကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိလာရေးကို များစွာ အထောက်အကူပြုလိမ့်မည်ဟု အလေးအနက်ယုံကြည်ကြောင်း။

မိမိတို့ဒေသ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော နောက်အချက်တစ်ချက်မှာ ဆက်သွယ်ရေးဖြစ်ကြောင်း၊ ထို့ကြောင့် ဘင်းမ်စတက်၏ လမ်းပန်းဆက်သွယ်ရေး အဆောက်အအုံနှင့် ထောက်ပံ့ရေးဆိုင်ရာ လေ့လာသုံးသပ်ချက် (Transport Infrastructure and Logistics Study - BTILS) ကို အကောင်အထည်ဖော်ဆောင်နိုင်ခြင်းသည် မိမိတို့ ဒေသအနှံ့ ဆက်သွယ်ရေးကောင်းမွန်သောအကျိုးကို ခံစားနိုင်ကြမည်ဖြစ်ကြောင်း။

ဆက်သွယ်ရေးကောင်းမွန်မှု၏ အကျိုးဆက်တစ်ခုမှာ ခရီးသွားလုပ်ငန်းကဏ္ဍတိုးတက်ရေးကို ဖြစ်ထွန်းစေကြောင်း၊ ကိုယ်စားလှယ်တော်ကြီးများ သိထားပြီးသည့်အတိုင်း ခရီးသွားလုပ်ငန်းသည် အမြတ်အစွန်းရှိသည့် လုပ်ငန်းဖြစ်ပြီး အမြတ်အစွန်းဆိုရာတွင် ဝင်ငွေတိုးတက်စေခြင်း၊ လူအများ အလုပ်လက်ကိုင်ရရှိစေခြင်း၊ ဒေသ၏ စီးပွားရေးတိုးတက်စေခြင်း၊ လမ်းပန်းဆက်သွယ်ရေးတိုးတက်စေခြင်း အစရှိသည်တို့လည်း ပါဝင်နေကြောင်း၊ ခရီးသွားလုပ်ငန်းသည် မိမိတို့ ဘင်းမ်စတက်နိုင်ငံများတွင် အခြေတည်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းရပ်ဖြစ်ကြောင်း၊ ထို့အပြင် ဘင်းမ်စတက်အဖွဲ့ကြီးအနေဖြင့်လည်း ခရီးသွားလုပ်ငန်းကို မြှင့်တင်ပေးရန် အဖွဲ့ကြီး၏ ပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍတစ်ခုအဖြစ် သတ်မှတ်ထားရှိပြီးလည်း ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ဘင်းမ်စတက်နိုင်ငံများအားလုံးပါဝင်သည့် ပူးတွဲခရီးသွားအစီအစဉ်များကို လေ့လာဆောင်ရွက်သွားရန် အကြံပေးလိုကြောင်း၊ ထိုပူးတွဲခရီးသွားအစီအစဉ်များသည် ခရီးသွားလုပ်ငန်း တိုးတက်ရေးကိုသာမက မိမိတို့နိုင်ငံများ၏ လူမှုရေးနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြှင့်တင်ရေးတို့ကိုလည်း အထောက်အကူပြုစေရန် ဖြစ်ကြောင်း၊ ဘင်းမ်စတက်နိုင်ငံများအနေဖြင့် ယဉ်ကျေးမှုဆိုင်ရာခရီးစဉ်များ၊ အမျိုးသားအမွေအနှစ်များ ပြသသည့် ခရီးစဉ်များ သို့တည်းမဟုတ် သဘာဝ အလှအပများကို ပြသသည့် ခရီးစဉ်များကို ပူးပေါင်းစီစဉ်နိုင်ကြကြောင်း၊ ဘင်းမ်စတက်အနေဖြင့် ၎င်း၏ ရှေ့လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ပူးတွဲခရီးသွားလုပ်ငန်းအစီအစဉ်ကို လေ့လာသုံးသပ်ဆောင်ရွက်သွားနိုင်ရန် တိုက်တွန်းပါကြောင်း။

အားပေးဆောင်ရွက်

စွမ်းအင်ဖူလုံမှုသည် မိမိတို့အတွက် အရေးကြီးသော ကိစ္စရပ် အဖြစ် သတ်မှတ်ထားရှိရာ မိမိတို့ဒေသအတွင်း စွမ်းအင်လုံလောက်မှုရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဘင်းမ်စတက်စွမ်းအင်ဗဟိုဌာန တည်ထောင်နိုင်ရေးအတွက် စွမ်းအင်ဝန်ကြီးများ၏ ကြိုးပမ်းမှုများကို ကျေးဇူးတင်ရှိကြောင်း၊ အိန္ဒိယနိုင်ငံ၌ ဘင်းမ်စတက်စွမ်းအင်ဗဟိုဌာန တည်ထောင်ခွင့်ပြုသည့်အတွက်လည်း အိန္ဒိယအစိုးရကို ကျေးဇူးတင်ရှိပါကြောင်း၊ ဘင်းမ်စတက်စွမ်းအင်ဗဟိုဌာန တည်ထောင်ပြီးနောက် ဒေသတွင်း၌ သန့်ရှင်းသော သဘာဝဓာတ်ငွေ့ကို သုံးစွဲနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်နိုင်ခြင်းဖြင့် ရေနံတင်သွင်းမှုအပေါ် မှီခိုအားထားသုံးစွဲနေရခြင်းကို လျော့နည်းလာစေမည်ဖြစ်ကြောင်း၊ မိမိတို့၏ အစိုးရများ၊ ပုဂ္ဂလိက လုပ်ငန်းများမှ ရင်းနှီးမြှုပ်နှံမှု၊ သဘာဝဓာတ်ငွေ့ဆိုင်ရာ အဆောက်အအုံများ တည်ဆောက်မှုများ တိုးမြှင့်လုပ်ဆောင်ရေးအတွက် အားပေးဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း။

မိမိတို့ ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးနေချိန်မှာပင် ကမ္ဘာအနှံ့၌ သဘာဝဘေးအန္တရာယ်များကျရောက်မှုကြောင့် လူမှုအတိဒုက္ခများနှင့် ရင်ဆိုင်နေရသူများ အများအပြားရှိနေကြကြောင်း၊ သဘာဝဘေးကျရောက်မှု ဒုက္ခနှင့်အတူ မိမိတို့၏ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုများသည်လည်း ထိခိုက်လျက်ရှိသည်ကို တွေ့ရှိနေရကြောင်း၊ သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် ကြိုတင်ပြင်ဆင်ရေး၊ ကာကွယ်တားဆီးရေးဆိုင်ရာ စီမံခန့်ခွဲရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး ဒေသအတွင်းပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်ရေးအတွက် ဘင်းမ်စတက်ဒေသဆိုင်ရာ မိုးလေဝသနှင့် ရာသီဥတုဆိုင်ရာ ဗဟိုဌာန တည်ထောင်ရေးကို ကျွန်ုပ်တို့ သဘောတူညီထားကြသော်လည်း ရည်မှန်းချက်သို့ရောက်ရှိအောင် အကောင်အထည်ဖော်ဆောင်ရန် လိုအပ်ကြောင်း။

ပူးပေါင်းတိုက်ဖျက်

မိမိတို့သည် နေပြည်တော်၌ကျင်းပခဲ့သည့် (၁၂)ကြိမ်မြောက် ဘင်းမ်စတက်ဝန်ကြီးများအစည်းအဝေး၌ ဘင်းမ်စတက်၏ နိုင်ငံတကာအကြမ်းဖက်မှုနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများ၊ တရားမဝင်မူးယစ်ဆေးဝါး မှောင်ခိုမှုများ တိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးစာချုပ်ကို လက်မှတ်ထိုးခဲ့ကြကြောင်း၊ ယင်းစာချုပ်ကို လက်မှတ်ရေးထိုးခြင်းသည် အကြမ်းဖက်မှု၊ စုပေါင်း ကျူးလွန်သည့် ရာဇဝတ်မှုများ၊ တရားမဝင် မှောင်ခိုကူးမှုများကို ပူးပေါင်းတိုက်ဖျက်ကြမည်ဟု သန္နိဋ္ဌာန်ချထားခြင်းကို ဖော်ပြလိုက်ခြင်းပင်ဖြစ်ကြောင်း။

မိမိတို့အဖွဲ့အစည်းအနေဖြင့် ယခုကဲ့သို့ စာချုပ်၊ သဘောတူညီချက်များ လက်မှတ်ရေးထိုးနိုင်မှုအပေါ် ကျေနပ်နေရုံဖြင့် လုပ်ငန်းပြီးမြောက်မည်မဟုတ်ကြောင်း၊ ဤသဘောတူညီချက်များ လက်မှတ်ရေးထိုးနိုင်ခြင်းသည် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်နိုင်ရန် ပထမအစသာဖြစ်ကြောင်း၊ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် သဘောတူညီချက်များအတိုင်း စိတ်တူကိုယ်တူ အကောင်အထည်ဖော်နိုင်မှသာလျှင် မိမိတို့၏ ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် သဘောတူညီချက်ပါလုပ်ငန်းရပ်များအတိုင်း လုပ်ငန်းစီမံချက်များရေးဆွဲပြီး အကောင်အထည်ဖော်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

အာရုံစိုက်

ဆင်းရဲမွဲတေမှုသည် အဖွဲ့အနေဖြင့် နေ့စဉ်နှင့်အမျှတိုက်ဖျက်နိုင်အောင် ဆောင်ရွက်နေသည့် ကိစ္စရပ်တစ်ခုဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ဒေသတွင်း စားနပ်ရိက္ခာဖူလုံမှုရှိရေးအပေါ် အဓိကအာရုံစိုက်ပြီး ဆောင်ရွက်ခဲ့ကြောင်း၊ ဆင်းရဲမွဲတေမှုပြဿနာကို ဖြေရှင်းရာတွင်ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှဖြေရှင်းရမှာဖြစ်ပြီး ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းအစီအစဉ် မူကြမ်းရေးဆွဲနိုင်ရန်အတွက်လည်း မိမိတို့ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခုလိုဆောင်ရွက်ချက်အဖြစ် ဘင်းမ်စတက်အဖွဲ့၏ ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးကို မကြာမီကာလအတွင်း နီပေါနိုင်ငံ၌ ပြုလုပ်နိုင်တော့မည်ဖြစ်ကြောင်း။

မိမိတို့ ဘင်းမ်စတက်အဖွဲ့ကို ၁၉၉၇ခုနှစ်တွင် စတင်တည်ထောင်ဖွဲ့စည်းခဲ့ပြီးနောက် အဖွဲ့ကြီးသည် အဖွဲ့ဝင်နိုင်ငံ (၇)နိုင်ငံ၏ နိုင်ငံရေးရည်မှန်းချက်ကို ထင်ဟပ်နေသော ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအတွက် အရေးပါသည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ပေါ်ထွက်လာနေပြီဆိုသည်ကို တွေ့မြင်နေကြပြီဖြစ်ကြောင်း၊ လက်ရှိကာလအထိ ပုံမှန်တွေ့ဆုံ ဆွေးနွေးမှုများအပြင် ထိပ်သီးအစည်းအဝေး နှစ်ကြိမ်၊ ဝန်ကြီးအဆင့် အစည်းအဝေး (၁၂)ကြိမ်နှင့် အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေး (၁၅)ကြိမ်တို့ကို အသီးသီး ကျင်းပနိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ အဖွဲ့ကြီးအနေဖြင့် ရရှိထားသည့် အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းမြှင့်တင်နိုင်ရန်အတွက် အမြဲတမ်းအတွင်းရေးမှူးချုပ်ရုံးတစ်ရပ် အမြန်ဆုံးတည်ထောင်နိုင်ရန် အရေးတကြီး လိုအပ်လျက်ရှိကြောင်း။

စိတ်အားထက်သန်

မိမိတို့အနေဖြင့်ဘင်းမ်စတက်အဖွဲ့ကြီး၏ ဥက္ကဋ္ဌတာဝန်ကို လွန်ခဲ့သည့် တစ်နှစ်ကျော်ကတည်းက တာဝန်ယူခဲ့ကြောင်း၊ မိမိတို့ တာဝန်ယူစဉ်ကာလအတွင်း ဘင်းမ်စတက်အဖွဲ့၏ အမြဲတမ်းအတွင်းရေးမှူးရုံး တည်နေရာရွေးချယ်နိုင်ရေးနှင့်စပ်လျဉ်းပြီး ပြေပြေလည်လည် အဖြေရှာနိုင်ရန် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအား တာဝန်ပေးခဲ့ကြောင်း၊ အဖွဲ့ဝင်နိုင်ငံများအကြား စိတ်အားထက်သန်စွာ အချိန်ယူဆွေးနွေးခဲ့ကြသည်ကို သိရကြောင်း၊ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အပြုသဘောဆောင်သည့် ဆွေးနွေးမှုများ၊ တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ ပျော့ပျောင်းမှုများ ထားရှိဆွေးနွေးခဲ့ကြသည်ဟု သိရှိရသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ရှေ့ဆက်လက်၍ လုပ်ဆောင်ရန်များ အများအပြားရှိနေပါသေးကြောင်း၊ အဖွဲ့ဝင်များအနေဖြင့် အမြဲတမ်းအတွင်းရေးမှူးချုပ်ရုံး အမှန်တကယ် ပေါ်ထွက်လာသည်အထိ ဆက်လက်ဆောင်ရွက်သွားရန်ရှိကြောင်း၊ ဘင်းမ်စတက် အမြဲတမ်းအတွင်းရေးမှူးချုပ်ရုံး ပေါ်ပေါက်လာပြီးသည့်နောက် အမှုဆောင်ဒါရိုက်တာသစ်တစ်ဦး ခန့်အပ်မည်ဖြစ်သည့်အတွက် အမှုဆောင်ဒါရိုက်တာအသစ်နှင့် လုပ်ငန်းများနီးကပ်စွာ ဆက်လက်ဆောင်ရွက်သွားနိုင်ရန်လည်း မျှော်လင့်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ဤ (၁၃)ကြိမ်မြောက် ဘင်းမ်စတက်ဝန်ကြီးအဆင့် အစည်းအဝေးတွင် ကိုယ်စားလှယ်ကြီးများ၏ ဆွေးနွေးညှိနှိုင်းဆောင်ရွက်မှုများအားလုံး အောင်မြင်ကြစေရန်နှင့် မြန်မာတို့၏ နွေးထွေးသော ဧည့်ဝတ်ကျေပွန်မှုကိုလည်း သိရှိခံစားနိုင်ကြရန် ဆန္ဒပြုလိုက်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ကြိခင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် ဘက်ရဲအဝင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁၅ရက်တွင် တာဝန်ခံအင်ဂျင်နီယာ ဦးစောဟားနေ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံတော်ဝန်ကြီးချုပ်ဦးသိန်းစိန် (၁၃)ကြိမ်မြောက် ဘင်းမ်စတက် နိုင်ငံခြားရေး ဝန်ကြီးအဆင့် အစည်းအဝေးနှင့် (၁၅)ကြိမ်မြောက် ဘင်းမ်စတက် အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးသို့ တက်ရောက်လာကြသော ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများအား နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်
ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် မြန်မာနိုင်ငံက ဥက္ကဋ္ဌအဖြစ် ကြီးမှူးကျင်းပသည့် (၁၃)ကြိမ်မြောက် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေးနှင့် (၁၅)ကြိမ်မြောက် ဘင်းမ်စတက် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ တက်ရောက်လာကြသော ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Dipu Moni, M.P ၊ ဘူတန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Lyonpo Yeshey Zimba ၊ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mrs. Preneet Kaur၊ နီပေါဖက်ဒရယ် ဒီမိုကရက်တစ် သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Guna Laxmi Sharma (Bishowkarama) ၊ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Neomal Perera ၊ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Kasit Piromya ၊ ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံအမတ်ကြီးများအား ယနေ့နံနက် ၈ နာရီ ၁၀မိနစ်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသူရိန်ဇော်၊ ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးအောင်သိမ်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ကန့်ဘလူမြို့နယ်၌ ပေ(၁၈၀)နှင့်အထက် ဇော်ချောင်းတံတားဖွင့် ဒေသထွက်ကုန်များ မန္တလေးမြို့သို့အချိန်တိုအတွင်း တင်ပို့နိုင်တော့မည်

နေပြည်တော် ဇန်နဝါရီ ၂၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရွှေဘိုခရိုင်က တာဝန်ယူတည်ဆောက်ပြီးစီးခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ အရှည်ပေ ၁၈၀ရှိ သံကူကွန်ကရစ် ရေတွင်းခွေတံတားအမျိုးအစား ဇော်ချောင်းတံတားဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၁ရက် နံနက်ပိုင်းတွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်တာဝန်ရှိသူများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့၊ မင်္ဂလာစည်တော်အကအဖွဲ့၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးတင့်ဆွေက တံတားတည်ဆောက်ပေးရခြင်းနှင့် တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

အမှာစကားပြောကြား

ထို့နောက် အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြပြီး တာဝန်ရှိသူများက ဇော်ချောင်းတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ဇော်ချောင်းတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ ဇော်ချောင်းတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

သံကူကွန်ကရစ်

ဇော်ချောင်းတံတား အမျိုးအစားမှာ သံကူကွန်ကရစ် ရေတွင်းခွေအမျိုးအစားဖြစ်ပြီး အောက်ထည် သံကူကွန်ကရစ်၊ အပေါ်ထည်ပိုင်းကို သံကူကွန်ကရစ်အဖြစ် တည်ဆောက်ထားကာ စုစုပေါင်းတံတားအရှည် ပေ ၁၈၀၊ ယာဉ်သွားလမ်း အကျယ် ၂၄ပေနှင့် ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန်မှာတန် ၆၀ ဖြစ်သည်။

ယခုဖွင့်လှစ်သည့် ဇော်ချောင်းတံတားသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ပေးခဲ့သည့် ပေ ၁၈၀နှင့်အထက် ၂၅၃စင်းမြောက် တံတားဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အနေဖြင့် ၂၁စင်းမြောက် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် တံတားဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်

ဇော်ချောင်းတံတားကို ဖွင့်လှစ်ပေးခဲ့သည့်အတွက် ကချင်ပြည်နယ်မှ ထွက်ရှိသော စပါးနှင့် ပဲမျိုးစုံတို့ကို မန္တလေးမြို့သို့ မော်တော်ယာဉ်များဖြင့် အချိန်တိုအတွင်း အလွယ်တကူလျင်မြန်စွာ ပို့ဆောင်နိုင်တော့မည် ဖြစ်သကဲ့သို့ ယင်းဒေသရှိပြည်သူများအနေဖြင့်လည်း စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ ပညာရေးနှင့် ကျန်းမာရေးတို့ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မန္တလေးမြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၂၂

နဝမအကြိမ် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်မှ ၁၈ရက်အထိ မန္တလေးမြို့ ကန်တော်ကြီး လူထုအပန်းဖြေဥယျာဉ်၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပန်းအလှပြုပြင်ခြင်းပြိုင်ပွဲ၊ ပန်းအလှပင်ပြိုင်ပွဲ၊ အရွက်အလှပင်ပြိုင်ပွဲ၊ ရွက်လှပင်ပြိုင်ပွဲ၊ ပြည်တွင်းသစ်ခွပြိုင်ပွဲ၊ ပြည်ပသစ်ခွ (ကတ်တလီးယား၊ စင်ဘီးဒီးယမ်း၊ ဗန်ဒါ)ပြိုင်ပွဲ၊ နှင်းဆီပင်အမျိုးမျိုးပြိုင်ပွဲ၊ ရှားစောင်း ပင်ပြိုင်ပွဲ၊ သက်ကြီးပုပင် (ဘွန်ဆိုင်း)ပြိုင်ပွဲ၊ အသီးပါသည့်အလှအပင် ပြိုင်ပွဲ၊ ဟင်းသီးဟင်းရွက် (အရွက်၊ အထုပ်၊ ဥ၊ အသီးပါပင်)ပြိုင်ပွဲ၊ သစ်သီးပြိုင်ပွဲ၊ ဟင်းသီးအသီးအလုံးလိုက်ပြိုင်ပွဲ၊ သစ်သီးဝလံ(အခိုင်လိုက်/ ဥ) ပြိုင်ပွဲ၊ ဟင်းသီး အသီးအနှံအတွဲလိုက် ပြိုင်ပွဲများ ပါဝင်မည် ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

ဆုများကို ထိုက်တန်စွာ ချီးမြှင့်မည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ ပန်းမန်များအား ကန်တော်ကြီး လူထု အပန်းဖြေဥယျာဉ် ကွပ်ကဲမှုရုံးသို့ ဖေဖော်ဝါရီ ၁၁ရက် ညနေ ၄ နာရီအရောက် ပေးပို့ယှဉ်ပြိုင်နိုင်ပြီး အသေးစိတ်အချက်အလက်များကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနနှင့် ကန်တော်ကြီးလူထုအပန်းဖြေဥယျာဉ် ကွပ်ကဲမှုရုံး ဖုန်း-၀၂-၅၉၁၇၀တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၃-၁-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အင်္ဂုဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာ မင်္ဂလာ
- ၈:၁၀ ၇။ အကပြိုင်ပွဲ
- ၈:၁၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈:၂၅ ၉။ တေးဂီတအစီအစဉ်
- ၈:၄၀၁၀။ International News
- ၈:၄၅၁၁။ **နင်းကြည့်စမ်းပါ**
- ၉:၀၀၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၃၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၁၀)
- ၁၂:၂၀ ၅။ Golf Magazine (TV)
- ၁၂:၄၅ ၆။ မြန်မာရုပ်ရှင် **ပန်းသခင်** လွင်မိုး၊ဇော်လင်း၊ ထက်ထက်မိုးဦး (ဒါရိုက်တာ-ကြီးမြင့်)
- ၁၄:၅၀ ၇။ International News
- ၁၅:၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၂၀ ၃။ တေးဂီတအစီအစဉ်
- ၅:၀၀ ၄။ **၂၀၀၉ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအခမ်းအနား ကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်**
- ၈:၀၀ ၅။ ပြည်တွင်းသတင်း
- ၆။ နိုင်ငံတကာသတင်းများ
- ၇။ မိုးလေဝသအခြေအနေ
- ၈။ **၂၀၀၉ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအခမ်းအနားကျင်းပပုံ ထုတ်လွှင့်မှုအစီအစဉ်**
- ၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဘဝမိုးတိမ်** (အပိုင်း-၃၀) (ဇာတ်သိမ်းပိုင်း)
- ၁၀။ အစီအစဉ်ပြီး၏။

နမ့်တဘက်ရေအားလျှပ်စစ်စီမံကိန်းအကောင်အထည်ဖော်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

နေပြည်တော် ဇန်နဝါရီ ၂၂

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဦးဇော်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Guodian Corporation , Vice President Mr. Li Hon Gyuan နှင့်အဖွဲ့သည် ဇန်နဝါရီ ၂၀ ရက် ညနေပိုင်းက နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ ပူးပေါင်းဆောင်ရွက်မည့် နမ့်တဘက်ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်းသည်များကို ဆွေးနွေးကြသည်။

လက်မှတ်ရေးထိုး

ထို့နောက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံရေးဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Guodian Corporation နှင့် Tun Thwin Mining Co., Ltd. တို့ ကချင်ပြည်နယ်အတွင်းရှိ နမ့်တဘက်ရေအားလျှပ်စစ်စီမံကိန်းအား JV/ B.O.T စနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် နားလည်မှုစာချွန်လွှာ (Memorandum of Understanding) လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးရှာခန်းမ၌ ဆက်လက်ကျင်းပသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဦးမောင်မောင်သိမ်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း၊ ရှေ့နေချုပ် ဦးအေးမောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Guodian Corporation, Vice President Mr. Li Hon Gyuan နှင့် အဖွဲ့ဝင်များ၊ Yunnan Yunneng Power Engineering Co., Ltd. Chairman Mr. Wang Junchang နှင့် အဖွဲ့ဝင်များ၊ Tun Thwin Mining Co., Ltd. ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီး ဦးဇော်မင်းက အမှာစကား ပြောကြားပြီး China Guodian Corporation, Vice President က နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြီးစိုး၊ China Guodian Corporation, Vice President Mr. Li Hon Gyuan နှင့် Tun Thwin Mining Co., Ltd. ဥက္ကဋ္ဌဦးသိန်းထွန်းတို့က နားလည်မှုစာချွန်လွှာကို လက်မှတ် ရေးထိုးကြသည်။ **(အပေါ်ဝဲပုံ)**

ယင်းနေ့ကျင်းပသော အခမ်းအနားသည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၏ အရှေ့တောင်ဘက် ၄၅ မိုင်ခန့်အကွာရှိ နမ့်တဘက်မြစ်ပေါ်၌ အကောင်အထည်ဖော် တည်ဆောက်မည့် နမ့်တဘက် ရေအားလျှပ်စစ်စီမံကိန်းအား JV/ B.O.T စနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးကြခြင်းဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

တံတားဦး(အထက) ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပ

တံတားဦး ဇန်နဝါရီ ၂၂

တံတားဦး(အထက) ကျောင်းသား ကျောင်းသူဟောင်းများ၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၅ ရက် နံနက် ၉ နာရီက ရတနာထွန်းခန်းမ၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမင်းဇော်၊ ကျောင်းအုပ်ဆရာမကြီးနှင့် နာယက ဦးမြင့်သန်းတို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က လုပ်ငန်းဆောင်ရွက်ထားမှုနှင့် ငွေစာရင်းရှင်းတမ်းများ ဖတ်ကြားတင်ပြကြသည်။

ဆုပေးစကားပြောကြား

ဆက်လက်၍ အသက်(၆၀)အထက် ဆရာ ဆရာမကြီး ၇၂ ဦးတို့အား ကန်တော့ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြပြီး ဆရာ ဆရာမကြီးတို့က ဆုပေးစကား ပြောကြားခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဆုချီးမြှင့်

ဓနုဖြူမြို့ (စံပြ) အမှတ်(၂) အခြေခံပညာ မူလတန်းကျောင်း တောင်ပိုင်းရပ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ဘက်စုံထူးချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၅ ရက်က ကျင်းပရာ တာဝန်ရှိသူတစ်ဦးက ဘက်စုံထူးချွန်ဆုရရှိသွားသော မောင်ကျော်နန္ဒာမိုးနိုင်အား ဆုချီးမြှင့်စဉ်။ (၁၄၇)

ဒီဇင်ဘာ ၁၈ ရက်က နန်းယွန်းမြို့နယ် အိမ်တွင်းမှုကျောင်းရှိ ဆရာမများ အိပ်ဆောင်ဆောက်လုပ်မည့် မြေနေရာကို ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ကြီး ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက်ပြီးစီးမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

ပင်းတယ ဇန်နဝါရီ ၂၂

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအုပ်ချုပ်ရေးမှူး ဦးစိုးနိုင်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဦးမြင့်စိုး၊ မြေစာရင်းဦးစီးမှူး ဦးစိုးသန်း၊စည်ပင်အမှုဆောင်အရာရှိဦးတင့်ဝေနှင့် စာရင်းစစ်အရာရှိ ဒေါ်မြင့်မြင့်သိန်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးထွေးတို့သည် ဇန်နဝါရီ ၁၂ ရက် နံနက် ၁၀ နာရီက ပင်းတယမြို့နယ် သရက်ကုန်းကျေးရွာအုပ်စု ရေချမ်းစင်ကျေးရွာ ပညာပန်းခင်းစာကြည့်တိုက်ဆောက်လုပ်ပြီးစီးမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(ဝဲပုံ)**

ထို့နောက် စာကြည့်တိုက်ဆောက်လုပ်ရေး ကော်မတီဥက္ကဋ္ဌက စာကြည့်တိုက်နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။ အဆိုပါ အဆောက်အအုံမှာ ၇၅ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဇန်နဝါရီ ၁၅ ရက်ညက ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၁၅)ရပ်ကွက်တွင် ကပြဖျော်ဖြေခဲ့သော ရွှေဝါဝင်းအငြိမ့်အဖွဲ့အား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထိန်စိုးက ဂုဏ်ပြုငွေကျပ် နှစ်သိန်းငါးသောင်း ချီးမြှင့်စဉ်။ (၀၉၇)

လက်တွေ့အသုံးချ လက်လီအရောင်းသင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၂

WISE International School For Executives မှ Certificate in Customer Service & Retail Selling Skills အမည်ရှိ လက်လီရောင်းချခြင်း (Retailing) ဆိုင်ရာ သင်တန်းကို ဇန်နဝါရီ ၂၉ ရက် ညနေ ၅ နာရီခွဲမှ ည ၈ နာရီခွဲအထိ ဖွင့်လှစ်မည်ဖြစ်၍ သင်တန်းကာလမှာ နာရီ ၂၀ ကြာမြင့်မည်ဖြစ်ပြီး သင်တန်းကြေး ငွေကျပ်ငါးသောင်း ဖြစ်သည်။ Member Program အသင်းဝင်များအား အထူးအစီအစဉ်အဖြစ် သင်တန်းကြေး ၄၀ ရာခိုင်နှုန်း လျှော့ပေါ့ပေးမည် ဖြစ်သည်။

အဆိုပါသင်တန်းတွင် လက်တွေ့အသုံးချ လက်လီရောင်းချခြင်းဆိုင်ရာ အခြေခံသဘောတရားများ၊ လက်လီရောင်းချမှုလုပ်ငန်းခွင်တစ်ခုလုံး အခြေခံစီမံခန့်ခွဲမှုနည်းစနစ်များ၊ လက်လီရောင်းချမှုဆိုင်ရာ ဈေးနှုန်းသဘောတရားများနှင့် တွက်ချက်မှုပုံစံများစသည့် လက်လီလုပ်ငန်းကြီးတစ်ခုလုံး၏ စီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုကိစ္စကိုလုပ်ငန်းခွင်၌ ကျွမ်းကျင်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် နည်းလမ်းများကို သင်ကြားပေးသွားမည် ဖြစ်သည်။

တက်ရောက်သင့်

သင်တန်းသို့ စတိုးဆိုင်များ၊ အဝတ်အထည်ဆိုင်များတွင် လုပ်ကိုင်လျက်ရှိသော အုပ်ချုပ်မှုအဆင့်များနှင့် အခြေခံဝန်ထမ်းများ၊ အဝယ်တော်များ (Purchaser)၊ ကိုယ်ပိုင်ဆိုင် စတင်ဖွင့်လှစ်ရန် ရည်ရွယ်ချက်ရှိသူများ၊ Business Owner များ၊ Management Executives, Admin Manager, HR Manager, BDM , Marketing Manager, Project Manager, Research & Development Manager စီးပွားရေး စတင်လုပ်ကိုင်ရန် ပြင်ဆင်နေသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်သင့်သည်။

ကြိုတင်စာရင်းပေး

Member Program တွင် အသင်းဝင်လိုသူများ၊ စိတ်ပါဝင်စားသူများနှင့် တက်ရောက်လိုသူများသည် WISE International School For Executives အခန်းအမှတ်(၁၀၀၉) ၁၀ ထပ် ယုဇနတာဝါ ကမ္ဘာအေးစေတီလမ်းနှင့် ရွှေဂုံတိုင်လမ်းဆုံ ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၅၆၁၈၃ နှင့် ၀၉-၅၁၅၇၀၃၂ တို့ထံသို့ ဆက်သွယ်စုံစမ်းကာ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြဝတီ ရုပ်မြင်သံကြား

၂၃-၁-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇:၀၅ ၄။ တရားတော်
- ၇:၁၅ ၅။ ဓမ္မပူဇာတေး
- ၇:၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၇။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- ၇:၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ မြဝတီအဖွင့်
- ၁၁:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၁၁:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၁၁:၀၅ ၄။ အဖွင့်သီချင်း
- ၁၁:၁၀ ၅။ မျိုးချစ်တပ်မတော်
- ၁၁:၃၀ ၆။ ကာတွန်းအစီအစဉ် **ချစ်မိတ်ဆွေဗလကြီး** (အပိုင်း-၂၄)
- ၁၁:၂၅ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပန်းတစ်ပွင့်ရဲ့ဖူးပွင့်ချိန်**
- ၁၂:၃၀ ၈။ ကျန်းမာသုတ
- ၁၄:၀၀ ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၄:၁၀ ၄။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၅။ မြန်မာ့ရှုခင်း
- ၄:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၃၅ ၇။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၄:၄၅ ၈။ သတိနှင့်တိုးမည့်ပိုးဖလံများ
- ၄:၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၂၀ ၁၀။ ဒီဖိုင်နာတို့ရဲ့ ဒီဖိုင်း
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၃၀ ၁၃။ **ဘဝကြေးမုံ ပန်းဝတ်ထည်** သူရလင်း၊ လေပြေ ဒေါ်ခင်ခင်ကြီး ဒါရိုက်တာ-ဆဲဗင်း(အိုင်စီ)
- ၆:၅၀ ၁၄။ ဂင်းနက်စ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မျှော်လင့်ခြင်းရောင်ခြည်** (အပိုင်း-၂)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ ကျန်းမာသုတ
- ၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဘတစ်ပြန်ကျားတစ်ပြန်** (အပိုင်း-၃)
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၂၂)

နိုင်ငံခြားရေး ဒုတိယဝန်ကြီးဦးမောင်မြင့် ဘီစီအိုင်အမ်ဖိုရမ် အစည်းအဝေးမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာကျင်ကွမ်းရုံ၏ ဖိတ်ကြားချက်အရ ကူမင်းမြို့၌ ဇန်နဝါရီ ၁၈ ရက်မှ ၁၉ ရက်အထိ ကျင်းပသည့် (၉)ကြိမ်မြောက် ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ်(ဘီစီအိုင်အမ်ဖိုရမ်)သို့တက်ရောက်ရန် ဇန်နဝါရီ ၁၇ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့မှ ကူမင်းမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့သည်။

(၉)ကြိမ်မြောက် ဘီစီအိုင်အမ်ဖိုရမ် အစည်းအဝေးဖွင့်ပွဲကို ဇန်နဝါရီ ၁၈ ရက် နံနက် ၉ နာရီက ကျင်းပရာ ယူနန်ပြည်နယ် ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ကျင်ကွမ်းရုံက ဖိုရမ်အစည်းအဝေးကို ဖွင့်လှစ်ပေးပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် အပါအဝင် သက်ဆိုင်ရာ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်များက အဖွင့်မိန့်ခွန်း ပြောကြားကြသည်။

လက်မှတ်ရေးထိုး

အစည်းအဝေးအပြီးတွင် ဘီစီအိုင်အမ်ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ ပူးတွဲထုတ်ပြန်ချက် (Joint Statement) ကို အဖွဲ့ဝင်လေးနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ကြသည်။ ဘီစီအိုင်အမ် စီးပွားရေးလုပ်ငန်းကောင်စီ (BCIM Business Council) အဖွဲ့ဖွဲ့စည်းရန် နားလည်မှုစာချွန်လွှာ (Memorandum of Understanding) ကို လက်မှတ်ရေးထိုးရန် ဆွေးနွေးညှိနှိုင်း သဘောတူညီမှုရရှိခဲ့ပြီး ကနဦးအဆင့်အနေဖြင့် ဘီစီအိုင်အမ်စီးပွားရေးလုပ်ငန်းကောင်စီ ဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာ ဆွေးနွေးမှုမှတ်တမ်းကို လက်မှတ်ရေးထိုးခဲ့ကြသည်။ အဖွဲ့ဝင်လေးနိုင်ငံမှ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအချင်းချင်း စီးပွားရေးလုပ်ငန်းကောင်စီ ဖွဲ့စည်းရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးရန် သဘောတူညီမှုရရှိခဲ့ပြီး မူကြမ်းကို လက်မှတ်ရေးထိုးခဲ့သည်။ ထို့အပြင် ဘီစီအိုင်အမ် ပူးပေါင်းဆောင်ရွက်မှု ဖိုရမ်သတင်းစာစောင် ထုတ်ဝေခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် ဘီစီအိုင်အမ်ကားပြိုင်ပွဲဆိုင်ရာ မှတ်တမ်းတို့ကိုလည်း ကိုယ်စားလှယ်အဖွဲ့များက လက်မှတ်ရေးထိုးခဲ့ကြသည်။

တက်ရောက်

ဘီစီအိုင်အမ် ဖိုရမ်အစည်းအဝေးအတွင်း အဖွဲ့ဝင်နိုင်ငံများအကြား ဘာသာရပ်ဆိုင်ရာ အဖွဲ့ငယ် စာတမ်းဖတ်ပွဲနှင့် ဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်စွာ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့လည်း တက်ရောက်ခဲ့ကြသည်။

ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကူမင်းမြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ကျင်းပသည့် (၉)ကြိမ်မြောက် ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ် တက်ရောက်သူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

မူဆယ်၌ အမျိုးသမီးအိမ်တွင်းမှုသင်တန်းများဆင်းပွဲကျင်းပ

မူဆယ် ဇန်နဝါရီ ၂၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏ အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ်(၂၇)နှင့် အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၃၀) သင်တန်းဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃ ရက် နံနက် ၉ နာရီက ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ဦးက အမှာစကားပြောကြားပြီး ကျောင်းအုပ်ကြီး ဒေါ်နန်းစောရင်က သင်တန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ခရိုင်အတွင်းရေးမှူးနှင့် ကျောင်းအုပ်ကြီးတို့က အဆင့်မြင့်စက်ချုပ်သင်တန်းနှင့် အခြေခံ အိမ်တွင်းမှုသင်တန်းတွင် ပထမဆုရရှိသူများအား အပ်ချုပ်စက် တစ်လုံးစီ ဆုများချီးမြှင့်ပြီး **(ဝဲပုံ)** ဒုတိယ၊ တတိယဆုရရှိသူများအား ဆုများချီးမြှင့်ကြသည်။ ယင်းနောက် ကျောင်းအုပ်ကြီးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

စာအုပ်လှူဒါန်းပွဲနှင့် စာပေဟောပြောပွဲ မော်လမြိုင်ကျွန်း၌ ကျင်းပ

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၂၂

မော်လမြိုင်ကျွန်းမြို့နယ် ဒွန်းတဘက်ကျေးရွာ ပညာရွာကျေးလက်စာကြည့်တိုက် (၃)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနား စာအုပ်စာစောင် လှူဒါန်းပွဲနှင့် စာပေဟောပြောပွဲကို ဇန်နဝါရီ ၁၆ ရက် နံနက် ၁၀ နာရီက ပညာရွာ ကျေးလက်စာကြည့်တိုက် အဆောက်အအုံ၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာအောင်က စာကြည့်တိုက် ရေရှည်တည်တံ့ရေး လုပ်ငန်းများကိုလည်းကောင်း၊ ပညာရွာ စာကြည့်တိုက် အကျိုးတော်ဆောင် ဦးလှသန်းနှင့် ဦးအောင်မောင်းတို့က စာအုပ်စာစောင် လှူဒါန်းစုဆောင်းမှုလုပ်ငန်းများကိုလည်းကောင်း၊ ပညာရွာ စာကြည့်တိုက်မှူး ဦးဝင်းဖိုလ်က ပညာရွာစာကြည့်တိုက် (၃)နှစ်မြောက် နှစ်ပတ်လည်နေ့အထိ စာငှား၊ စာဖတ်လုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပညာရွာစာကြည့်တိုက်အတွက် စာအုပ်အလှူရှင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်နေ ဒီဇိုင်းပညာရှင် ဦးဝင်းမြင့်ဦး လှူဒါန်းသော သုတ ရသ စာအုပ်စာစောင် အုပ်ရေ ၅၅၀ နှင့် မော်လမြိုင်ကျွန်းမြို့ တပင်ရွှေထီးလမ်းနေ မဖြိုးဝေဝေအောင် လှူဒါန်းသော သုတ ရသ စာအုပ်စာစောင် အုပ်ရေ ၅၀ တို့ကို အလှူရှင်များကိုယ်စား ပညာရွာစာကြည့်တိုက် အကျိုးတော်ဆောင် ဦးလှသန်းနှင့် ဦးအောင်မောင်းတို့က စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးကံညွှန့်ထံ ပေးအပ်လှူဒါန်းကြကြောင်း သိရှိရသည်။

(ဝဲပုံ) (မြို့နယ် ပြန်/ဆက်)

မော်တော်ယာဉ်နှင့်အပိုပစ္စည်းပြပွဲတွင် ကားတာယာနှင့် ဘက်ထရီများ ပြသရောင်းချ

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ Automobile & Autoparts Expo 2011 ပြပွဲကို ခင်းကျင်းပြသလျက်ရှိရာ Lucky Man Co., Ltd. က ကားတာယာများနှင့် ဘက်ထရီတို့ကို ခင်းကျင်းပြသလျက်ရှိသည်။ **(အပေါ်ပုံ)**

အဆိုပါပြခန်းတွင် GOOD YEAR အမှတ်တံဆိပ် Wrangler AT SA တာယာကို ပြသထားပြီး အရည်အသွေးမြင့်ပစ္စည်းများဖြင့် ထုတ်လုပ်ထားသောကြောင့် လမ်းကြမ်းများတွင် ခံထိုးခံနိုင်သည်။

Wrangler Hp All Weather တာယာကို GOOD YEAR က ခေတ်မီနည်းပညာများနှင့်ထုတ်လုပ်ထားပြီး ကီလိုမီတာ တစ်သိန်း မောင်းနှင်နိုင်သည်။ အိမ်ကားများ၊ တက္ကစီများနှင့် ယာဉ်ငယ်များအတွက် ပိုမိုအသုံးဝင်ပြီး ကုန်ကျစရိတ်သက်သာသည်။

ထို့အပြင် VIKRANT အမှတ်တံဆိပ် VUC 3 တာယာသည် ကုန်တင်ယာဉ်ကြီးများ၊ မြေသယ်ယာဉ်ကြီးများအတွက် အထူးစီမံပြုလုပ်ထားသည်။ VUC တာယာသည် အဝေးပြေးခရီးသည်တင်ကားများ၊ မြို့တွင်း City Bus ကားများ၊ ကုန်တင်ယာဉ်များအတွက် လမ်းကြမ်း၊ လမ်းချောများတွင် အသုံးပြုနိုင်ရန် ထုတ်လုပ်ထားသည်။

ပြခန်းတွင် Austone Tire, CHENGSHAN တာယာနှင့် 3K Battery တို့ကိုပါ ပြသထားသည်။ ဆက်သွယ်ဝယ်ယူလိုပါက အမှတ် ၃၂/၃၃ ဈေးပတ်လမ်း(တောင်) ဘုရင့်နောင်ဈေး မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၆၈၀၆၁၄၊ ၆၈၂၇၃၃၊ အမှတ် ၀၀၁ Yuzana Business Tower ဓမ္မစေတီလမ်း မြေနီကုန်း ဖုန်း-၅၀၂၄၅၁၊ ၅၀၁၇၀၆၊ အမှတ်(ဈ/၆) ဒဂုံလမ်း အောင်မင်္ဂလာအဝေးပြေးဝင်း ဖုန်း-၇၃၀-၀၇၇၃၇၊ ၀၉-၅၄၀၆၂၄၇၊ အမှတ် ၂၅၇၊ ၃၆လမ်း (၈၄နှင့်၈၅)လမ်းကြား မန္တလေး ဖုန်း-၀၂-၉၁၀၁၃၆၆၁၄၊ အမှတ်(ပ-၅၇/၅၈) သပြေကုန်းပွဲရုံတန်း ဇေယျာသီရိမြို့နယ် နေပြည်တော် ဖုန်း-၀၉-၄၉၃၂၇၆၆၀ တို့ထံတွင် ဆက်သွယ်ဝယ်ယူနိုင်သည်။ **(သတင်းစဉ်)**

လွတ်လပ်ရေးနေ့ အခမ်းအနား သံတွဲမြို့နယ်၌ ကျင်းပ

သံတွဲ ဇန်နဝါရီ ၂၂

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီက သံတွဲမြို့ ဒွါရာဝတီမြို့နယ်ခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို အလေးပြုကြပြီးနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို သံတွဲခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းဝေက ဖတ်ကြားခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ဇန်နဝါရီ ၃ ရက်က ကျင်းပသော ပဲခူး အထက(၁)၏ ၂၀၀၉-၂၀၁၀ ပညာရေးစုံညီပွဲတော်တွင် တတိယတန်း၌ ပထမဆုရရှိသူ မသင်းသစ္စာအား ကျောင်းအုပ်ဆရာမကြီးက ဆုချီးမြှင့်စဉ်။ (၀၆၀)

တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် လူငယ်တင်းနစ်အသင်းများ စုံလင်စွာရောက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၂

International Tennis Federation (ITF) ၏ခွင့်ပြုချက်အရ ဇန်နဝါရီ ၂၄ရက်မှ ဖေဖော်ဝါရီ ၁ရက်အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် ITF 14 & Under Asian Championships 2011 Group (2) တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံများမှ လူငယ်တင်းနစ်အသင်းများသည် ယနေ့ နံနက်ပိုင်းမှ စတင်၍ ညနေပိုင်းအထိ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာကြရာ **(အပေါ်ပုံ)** အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ရောက်ရှိသည့် အသင်းများမှာ နီပေါ၊ ပါကစ္စတန်၊ ဘူတန်၊ ဘင်္ဂလားဒေ့ရှ်၊ မလေးရှား၊ မော်လ်ဒိုက်၊ သီရိလင်္ကာ၊ ဗီယက်နမ်၊ မွန်ဂိုလီးယား၊ လာအိုနှင့် စင်ကာပူ၊ West Asian ITF Team တို့မှ လူငယ် တင်းနစ်အသင်းများဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၇ ရက်က အမက(၇)လှိုင်၏ ၂၀၁၀-၂၀၁၁ခုနှစ် ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ ၂၀၀၉-၂၀၁၀ သူငယ်တန်း ဘာသာစုံ ပထမနှင့် ၂၀၁၀-၂၀၁၁ ပထမတန်း ဘာသာစုံပထမရရှိသော မဆုလေးနွယ်အား ကျောင်းအုပ် ဆရာမကြီး ဒေါ်သီတာမှန် ဆုချီးမြှင့်စဉ်။ (၁၂၈)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၁-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **တရားနှင့်နေလေ့ရှိသူ** တရားတော် (ဆရာတော် ဓမ္မဒူတ ဒေါက်တာ အရှင်ပညိဿရ)
- ၆:၅၀ စွယ်တော်လေးဆူဆုပန်ယူ
- ၇:၀၅ လှမ်းလာခဲ့ပါ… နှောင်အင်းလေးကကြိုနေမှာ
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ လပွတ္တာမြို့(သုံးမိုင်မြို့သစ်) ဖွံ့ဖြိုးတိုးတက်ရေး Symphosian music band နှင့်အတူ အနုပညာရှင်များရဲ့ ဂီတဖျော်ဖြေပွဲ
- ၈:၃၀ ရန်ကုန်မြင်ကွင်းကျယ် ၁၉၈၃-၁၉၈၅ English Major ကျောင်းသူ ကျောင်းသားများ၏ မြတ်ဆရာပူဇော်ပွဲ
- ၈:၄၀ ၂၀၀၉ ခုနှစ် အကယ်ဒမီ အကြိုရင်ခုန်သံများ
- ၉:၀၀ ပီတိလွှမ်းကဲ… သရက်ချောင်းရဲ့ မြတ်ဆရာပူဇော်ပွဲ
- ၉:၂၀ Activities in the City (၁၉၆၇-၁၉၇၃ ခုနှစ် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှ ဓာတုဗေဒဘွဲ့နှင့် ကုန်ထုတ်ဓာတုဗေဒဘွဲ့ရများ၏ အာစရိယပူဇော်ပွဲ အခမ်းအနား)
- ၉:၃၀ Sunday Talk (ဒေါက်တာမောင်သီ၊ မျိုးမြတ်သူ၊ ကောင်းထက်ဇော်၊ ဇင်အောင်အောင်)
- ၁၀:၀၀ ရန်ကုန်မြင်ကွင်းကျယ် Myanmar Integrated Port Limited MPL နှစ်သစ်အကြို မိတ်ဆုံညစာစားပွဲ
- ၁၀:၀၅ နဝမအကြိမ်မြောက် မြန်မာ ICT ရက်သတ္တပတ်ပွဲတော် 2011
- ၁၀:၄၀ ဗီဒီယိုပြခန်း
- ၁၁:၀၀ ဈေးဝယ်လမ်းညွှန် (အံ့သြဖွယ်ရာများနဲ့ Jeuno Skin Care)
- ၁၁:၂၅ နေသူရိန်ပြောတဲ့ မင်းယှဉ်ရဲလား…ပြော
- ၁၁:၄၀ ရန်ကုန်မြင်ကွင်းကျယ် [အထက(၁)မြောက်ဥက္ကလာ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲ]
- ၁၁:၅၅ ဘဝအတွက်အားထားစရာ EAC
- ၁၂:၁၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (မျိုးမြင့်လေး၏တေးများ)
- ၁၂:၄၅ ရန်ကုန်မြင်ကွင်းကျယ် (မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့၏ နက္ခတ်ကြည့်ပွဲ)
- ၁:၀၀ **တရားနှင့်နေလေ့ရှိသူ** တရားတော် (ဆရာတော် ဓမ္မဒူတ ဒေါက်တာ အရှင်ပညိဿရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ စကားနပန်း **နောက်ဆုံးတင်းတာကောင်းတယ်၊ နောက်ဆုံးမတင်းတာကောင်းတယ်**
- ၃:၃၀ ပြောင်းလဲလာမည့်…သင့်ကမ္ဘာ
- ၃:၄၀ Activities in the City (Grace Beauty Spar & Fashion Shop ဆိုင်ဖွင့်ပွဲအခမ်းအနား)
- ၃:၅၀ သက်ရှည်နှပျိုကျန်းမာရွှင်လန်း Royal ABG အစွမ်း
- ၄:၁၀ သွားမယ်စားမယ် (Main Restaurant)
- ၄:၃၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၅:၀၅ **၂၀၀၉ ခုနှစ် အကယ်ဒမီ အကြိုရင်ခုန်သံများ**
- ၆:၀၀ MRTV-4 သတင်း
- ၆:၁၅ **၂၀၀၉ ခုနှစ်မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား**
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ ၂၀၀၉ ခုနှစ်မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား
- ၁၀:၃၀ 2011 MNL ပြိုင်ပွဲဝင် ရက္ခပူရ Utd F.C (ရခိုင်ပြည်နယ်ကိုယ်စားပြု)
- ၁၀:၄၀ Box Office Movies (The Curious Case of Benjamin Button)
- ၁၁:၁၀ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (ဒိန်ချဉ်ပြုလုပ်နည်း)
- ၁၁:၂၀ ဆင်လိမ္မာတို့နားခိုရာ မြိုင်ဟေဝန်စခန်းမှာ
- ၁၁:၄၀ **မေတ္တာပန်းတို့မွှေးပျံ့စေ** ပြည့်စုံအောင်၊ မိုးပြည့်ပြည့်မောင် ဦးအောင်ကျော်၊ အကယ်ဒမီ ချိုပြုံး (ဒါရိုက်တာ-ဓာတ်ပုံရဲမြင့်လွင်)
- ၁၂:၀၀ အံ့ဖွယ်လေ့လာအသံတုပညာ (အသံတုရဲမြင့်လေး)
- ၁၂:၂၅ စွဲမက်ဖွယ်ရာရတနာ (ကြည်လင်အေးမြ မြကျောက်အလှ) (အပိုင်း-၁)
- ၁၂:၅၅ 3 D ကွဲကော
- ၁:၁၀ ဘဝများ(ဗေလုဝ)
- ၁:၃၅ အဆင့်မြင့်ကြွေသီးစက်ရုံ(ချောက်မြို့)
- ၂:၀၀ လုပချစ်စရာလက်မှုအနုပညာ (Love Flower)
- ၂:၂၅ ရှေ့သို့ရည်မှန်းမြန်မာ့စက်မှုလုပ်ငန်း (ခေတ်မီအစားထိုး စတီးလ်ပစ္စည်းအမျိုးမျိုး)
- ၂:၅၀ မြန်မာ့လက်မှုအနုပညာ (ထန်းပန်းချီ၊ ကျောက်စီပန်းချီ)
- ၃:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄:၁၀ Smart Dictionary အကြောင်း သိကောင်းစရာ
- ၄:၂၅ စိတ်ချယုံကြည် Global Wave Technology
- ၄:၃၅ မက်မက်မောမော မက်မန်း
- ၄:၄၅ စကားဝါမြေ၏အိုအေစစ် (Popa Mountain Resort)

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၀:၂၅	Blackburn-West Bromwich	ESPN(Live)

တစ်ပြည်လုံးသာယာမည်

နေပြည်တော် ဇန်နဝါရီ ၂၂

ယနေ့နံနက် ၉နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၆ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့်သာယာနေသည်။

ဇန်နဝါရီ ၂၃ ရက် ညနေအထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့်သာယာမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

နေ့ညမဟူ သတိမူ ရန်သူမီးကိုသာ

နိုင်ငံတကာအားကစား

နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား

မန်ယူတို့ အိမ်ကွင်း၌ ငါးဂိုးပြတ်နိုင်ပွဲရ

လန်ဒန် ဇန်နဝါရီ ၂၂

ပရီမီယာလိဂ်ပွဲစဉ်(၂၄)ကို ဇန်နဝါရီ ၂၂ရက်က ဆက်လက်ယှဉ်ပြိုင်ရာ မန်ယူနှင့် ဘာမင်ဂမ်တို့ပွဲတွင် မန်ယူတို့ ငါးဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့သည်။

မန်ယူနှင့် ဘာမင်ဂမ်

အိမ်ကွင်း အိုးထရက်ဖို့ဒ်၌ မန်ယူတို့ ဧည့်သည်ဘာမင်ဂမ် အပေါ် ဖိဖိစီးစီးကစားနိုင်ခဲ့သည်။ မန်ယူ တိုက်စစ်မှူးများဖြစ်သော ဘာဘာတော့ဗ်၊ ရွန်နေတို့ အချိတ်အဆက်မိမိ ထိုးဖောက်နိုင်ခဲ့ရာ ဘာဘာတော့ဗ်က ပထမပိုင်း ပွဲချိန်အတွင်း နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ တစ်ဖန် ပထမပိုင်းပွဲချိန် ပြီးခါနီးတွင် ရွန်နေဖြတ်ပေးလိုက်သည့် ဘောလုံးကို ရိုင်ယန်ဂစ်က ဘယ်ခြေဖြင့် ပိတ်ကာ သွင်းယူခဲ့သဖြင့် မန်ယူတို့ ပထမပိုင်း ပွဲချိန်၌ပင် သုံးဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။ မန်ယူတို့ ဆက်တိုက်ဖိကစားခဲ့ရာ ဘာဘာတော့ဗ်နှင့် နာနီတို့က တစ်ဂိုးစီ ထပ်မံသွင်းယူခဲ့သဖြင့် မန်ယူတို့ ငါးဂိုးပြတ်နှင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

ဝုလ်ဗာနှင့် လီဗာပူး

လီဗာပူးတို့ အနိုင်ရရန် အဝေးကွင်း၌ တိုက်စစ်တွင် တောရက်စ်၊ မီရီလက်စ်တို့ တိုက်စစ်အတွဲကို ထုတ်သုံးခဲ့သည်။ လီဗာပူးတို့ အဖွင့်ဂိုး စောစီးစွာ သွင်းယူနိုင်ရေး ကြိုးစားခဲ့ရာ တောရက်စ်**(ဝဲစွန်)**၊ မီရီလက်စ်နှင့် ဒရက်ကွတ်ဖ်တို့က တစ်ဂိုးစီသွင်းယူခဲ့သဖြင့် သုံးဂိုးပြတ် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ **(အင်တာနက်)**

မောင် မောင် မြင့် ဆွေ ရေး သား သည်

အခြားပွဲရလဒ်များ

အာဆင်နယ်	၃	-	၀	ဝီဂန်
ဘလက်ပူးလ်	၁	-	၂	ဆန်းဒါးလန်း
အဲဗာတန်	၂	-	၂	ဝက်စ်ဟမ်း
ဖူလ်ဟမ်	၂	-	၀	စတုတ်
နယူးကာဆယ်	၁	-	၁	စပါး

မောင်ချစ်ကြည် - စုစည်းသည်

ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ရာဖေးလ်နာဒယ်အနိုင်ရရှိ

မဲလ်ဘုန်း ဇန်နဝါရီ ၂၂

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့၌ ကျင်းပလျက်ရှိသည့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲကို ဇန်နဝါရီ ၂၀ ရက်က ဆက်လက်ကျင်းပရာ ရာဖေးလ်နာဒယ်က ဂီးလ်လက်စ်စီမွန်အား အနိုင်ရရှိခဲ့သည်။ **(ဝဲအပေါ်ပုံ)** ကမ္ဘာ့အဆင့်နှစ်ရှိ ရာဖေးလ်နာဒယ်သည် ဇန်နဝါရီ ၂၀ ရက်ကကျင်းပသည့် ဒုတိယအဆင့် ပတ်လည်ပွဲတွင် ပြင်သစ်မှ စီမွန်အား ၆-၂ ၊ ၆-၃၊ ၄-၆၊ ၄-၆၊ ၆-၃ ဖြင့် ခက်ခဲစွာယှဉ်ပြိုင်ပြီး အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အသက် ၂၆နှစ်အရွယ်ရှိ စီမွန်သည် ယခင်က ရာဖေးလ်နာဒယ်အား နှစ်ကြိမ်အနိုင်ရရှိခဲ့ဖူးသည်။ သို့သော် ယခုပွဲ၌ အသက် ၂၉ နှစ် အရွယ်ရှိ ရာဖေးလ်နာဒယ်က လေးနာရီကြာမျှ ခက်ခက်ခဲခဲ ယှဉ်ပြိုင်ကစားခဲ့ရသည်။ ယခုပွဲတွင် မိမိအနေဖြင့် ပြိုင်ဘက်ကောင်းနှင့်ရင်ဆိုင်ကာ အစွမ်းကုန်ယှဉ်ပြိုင်ကစားခဲ့ရကြောင်း၊ နောက်ဆုံးပွဲစဉ်၌ အကောင်းဆုံးကစားနိုင်ခဲ့ကြောင်း ရာဖေးလ်နာဒယ်က ပြောကြားသည်။ **(အင်တာနက်)**

အနီချီနှင့် ကိုလ်မန် အဲဗာတန် စာချုပ်ထပ်မံချုပ်ဆို

လန်ဒန် ဇန်နဝါရီ ၂၂

အဲဗာတန်အသင်း၏ အဓိကအားထားရသော အနီချီနှင့် ကိုလ်မန်တို့အား ၄င်းကလပ်က လေးနှစ်ခွဲစီ စာချုပ်သစ်များ ထပ်မံချုပ်ဆိုခဲ့ကြသည်။

အသက် ၂၂ နှစ်အရွယ်ရှိ ညာတောင်ပံကစားသမား ကိုလ်မန်သည် ယခုနှစ် ရာသီတွင် အဲဗာတန်အသင်း၌ ပုံမှန်ကစားခွင့်ရလာပြီး ယခုနှစ်အတွင်း ငါးဂိုးသွင်းယူပေးထားသည်။

ထို့အတူ နိုင်ဂျီးရီးယားတိုက်စစ်မှူး အနီချီသည်လည်း အဲဗာတန်အသင်း၏ ပထမပွဲထွက်ကစားသမားအဖြစ် ပုံမှန်ကစားခွင့်ရလာခဲ့သည်။ **(အင်တာနက်)**

သရုပ်ဆောင် ပြေတီဦး နှင့် အိန္ဒြာကျော်ဇင် သို့

မင်္ဂလာဆုတောင်း

၂၀၁၁ မင်္ဂလာနှစ်သစ်မှစ၍ မင်္ဂလာချစ်ဆိုး စတင်လျှောက်လှမ်းကြသည့် မင်္ဂလာဦး ရက်မြတ်အစမှသည် နောင်နှစ်ပေါင်း များစွာတိုင်အောင် ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ဘဝခရီးလမ်းကို အောင်မြင်စွာ လက်တွဲ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ဆက်လက်၍လည်း အနုပညာနယ်မြေတွင် ၈၆၂ အနုပညာမောင်မယ်အဖြစ် ကောင်းသတင်း မွှေးပျံ့၍ အနုပညာလုပ်ငန်းများကိုလည်း ယခုထက်ပို၍ထူးချွန်စွာ ပျော်ရွှင်စွာ ဆောင်ရွက်နိုင်ကြပြီး ပြည်သူချစ်သော အနုပညာရှင်များအဖြစ် ထာဝရ ရပ်တည်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

၄-၁-၂၀၁၁ ရက် Traders Hotel တွင် ကျင်းပခဲ့သည့် မော်ကွန်းတင် လက်မှတ်ရေးထိုး မင်္ဂလာပွဲနှင့် ၂၁-၁-၂၀၁၁ ရက် Inya Lake Hotel တွင် ကျင်းပခဲ့သည့် မင်္ဂလာညစာစားပွဲတွင် သရုပ်ဆောင် အိန္ဒြာကျော်ဇင်အတွက် အလှပဆုံး နောက်ဆုံးပေါ်ဆန်းသစ်သည့် လက်ဝတ်ရတနာဒီဇိုင်းမျိုးစုံကို ဆင်မြန်းစေခဲ့သည့်အတွက်လည်း အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

ဒေါက်တာအောင်ကျော်ဝင်း + ဒေါက်တာသက်သက်နိုင်

သမီး သက်ရတနာကျော်ဝင်း @ Grace Gloria Wan (6th Grader ISY)

ရွှေနန်းတော် စိန်ရွှေရတနာဆိုင်မိသားစု

Jewel Collection Manufacturing Co.,Ltd

သို့

ဂုဏ်ပြုမှတ်တမ်းလွှာ

သရုပ်ဆောင် ပြေတီဦး နှင့် အိန္ဒြာကျော်ဇင်တို့၏ ၄-၁-၂၀၁၁ ရက် Traders Hotel တွင်ကျင်းပခဲ့သည့် မော်ကွန်းတင် လက်မှတ်ရေးထိုး မင်္ဂလာပွဲ နှင့် ၂၁-၁-၂၀၁၁ ရက် Inya Lake Hotel တွင် ကျင်းပခဲ့သည့် မင်္ဂလာ ညစာစားပွဲတွင် သရုပ်ဆောင် အိန္ဒြာကျော်ဇင်နှင့်လိုက်ဖက်သည့် နောက်ဆုံးပေါ် ရတနာဒီဇိုင်းများကို အဆင်ပြေပြေ ဝတ်ဆင်ဆန်းသစ်ပြီး အမြဲမပြတ်စေအောင် ကြိုးစားဆောင်ရွက်ပေးခဲ့ကြသည့် ရွှေနန်းတော်စိန်ရွှေရတနာဆိုင်၏ ရတနာစက်ရုံ Jewel Collection Manufacturing Co.,Ltd (ISO 9001 : 2008) မှ မန်နေဂျာနှင့် ဝန်ထမ်းများအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

ဒေါက်တာအောင်ကျော်ဝင်း + ဒေါက်တာသက်သက်နိုင်

သမီး သက်ရတနာကျော်ဝင်း @ Grace Gloria Wan (6th Grader ISY)

ရွှေနန်းတော် စိန်ရွှေရတနာဆိုင်မိသားစု





GP ရုပ်သိမ်းကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၇½မိုင်၊ တေးနုယဉ်လမ်း၊ အမှတ်(၅၆/က) အိမ်မြေဥပစာသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးသော်တာစိုး ၁၄/ဇလန(နိုင်)၀၀၆၂၂၅၊ ဒေါက်တာဝဏ္ဏစိုး ၇/ဒဥန(နိုင်)၀၄၁၇၃၄၊ ဦးညဏစိုး ၁၂/မရက(နိုင်)၀၅၇၉၅၄၊ ဦးအာယုစိုး ၁၂/မရက(နိုင်)၀၆၉၈၉၀ နှင့် ဒေါ်မန္တူစိုး ၁၃/တကန(နိုင်)၀၁၆၈၉၁ တို့အမည်ဖြင့်မှတ်သားပြီးဖြစ်၍ မောင်နှမလေးဦးတို့က ဦးသော်တာစိုး ၁၄/ဇလန (နိုင်)၀၀၆၂၂၅ အား လွှဲအပ်ထားသည့် ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၈၇၅/၂၀၀၅)အား ရုပ်သိမ်းလိုက်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးမော်(အထက်တန်းရှေ့နေ)	တိုက်-၆/၁/၃၊ ဆရာများရိပ်သာ
B.Sc,H.G.P,D.B.L,D.I.L,D.M.L	လှိုင်တက္ကသိုလ်နယ်မြေ၊ လှိုင်မြို့နယ်၊
DL-IP WIPO in Geneva	ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁-၅၆၆၈၃။

e:mail: myomaw 2007 @ g mail. Com.

အဝေးကွင်းမှာ လက်ရှိချန်ပီယံ ရတနာပုံ F.C ကို ဂိုးပြတ်အနိုင်ယူခဲ့တဲ့ ရန်ကုန်ယူနိုက်တက်

သတင်း-မြင်ကွင်းနှင့် ဓာတ်ပုံ ဖိုးသော်ဇင်

မန္တလေး ဇန်နဝါရီ ၂၂

MNL Grand Royal 2011 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ ပွဲစဉ်(၂)ကို ယနေ့ညနေပိုင်းက မန္တလေးမြို့ရှိ ဗထူးကွင်း၊ ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းနဲ့ အောင်ဆန်းကွင်းတို့တွင် ဆက်လက်ကျင်းပရာ ရန်ကုန်ယူနိုက်တက်၊ မကွေး F.C နဲ့ ကမ္ဘောဇအသင်းတို့ နိုင်ပွဲတွေအသီးသီးရရှိခဲ့ပါတယ်။

(ဗထူးကွင်း)

ရန်ကုန်ယူနိုက်တက် - သုံးဂိုး

ရတနာပုံ - ဂိုးမရှိ

ရတနာပုံအသင်းဟာ အခုပွဲမှာလည်း အိမ်ကွင်းမှာ ရှုံးပွဲကြုံတွေ့ခဲ့ရပြန်ပါတယ်။ ရာသီအကြိုပြင်ဆင်မှုတွေ သေချာပြုလုပ်ထားတဲ့ ရန်ကုန်ယူနိုက်တက်အသင်းကတော့ နှစ်ပွဲဆက်ခြေစွမ်းပြနိုင်ခဲ့ပါတယ်။ မျိုးမင်းထွန်း၊ ဟန်ဆန်၊ ဂျူဗီနယ်၊ ချာလက်စ်အိုဘီတို့နဲ့ လူစုံပါဝင်ခဲ့တဲ့ ရန်ကုန်ယူနိုက်တက်အသင်းဟာ ပွဲစကတည်းက အိမ်ရှင်အသင်းကို ဖိအားပေးနိုင်ခဲ့ပါတယ်။ ရတနာပုံအသင်းဟာ ရန်ကုန်တိုက်စစ်ကို ထိန်းချုပ်ဖို့အတွက် နောက်တန်းမှာ ငါးယောက်အထိ ပိတ်ဆို့ခဲ့ပေမယ့် ၁၅မိနစ်မှာ ဂိုးပေးခဲ့ရပါတယ်။ ရတနာပုံအသင်း ချေပဂိုးရဖို့ကြိုးစားခဲ့ပေမယ့် ၄၂မိနစ်မှာ အသင်းခေါင်းဆောင် ခင်မောင်ထွန်း ဘောလုံးရယူဖို့ကြိုးစားရင်း မျိုးမင်းထွန်းရဲ့မျက်နှာကို ခြေထောက်နဲ့ ခုန်ကန်မိလို့ တိုက်ရိုက်အနီကတ်နဲ့ ထုတ်ပယ်ခံခဲ့ရပါတယ်။

ရန်ကုန်ယူနိုက်တက်အသင်းဟာ ဒုတိယပိုင်းမှာ အမြန်နှုန်းတင်ပြီး ကစားခဲ့ပါတယ်။ ရတနာပုံခံစစ်ပိုင်းဟာ ရန်ကုန်တိုက်စစ်ပိုင်းကို ထိန်းချုပ်နိုင်ခြင်းမရှိတာကြောင့် ဂိုးတွေ ဆက်တိုက်ပေးခဲ့ရပါတယ်။ ။

(သုဝဏ္ဏကွင်း)

မကွေး - နှစ်ဂိုး

နေပြည်တော် - ဂိုးမရှိ။

(အောင်ဆန်းကွင်း)

ကမ္ဘောဇ - လေးဂိုး

ဇွဲကပင်ယူနိုက်တက် - ဂိုးမရှိ။

ယနေ့ပွဲ

(သုဝဏ္ဏကွင်း)

ရက္ခပူရယူနိုက်တက် - ဇေယျာရွှေမြေ

(အောင်ဆန်းကွင်း)

ဆောက်သမ်းမြန်မာ - ဧရာဝတီယူနိုက်တက်

ရတနာပုံ တိုက်စစ်ကို ရန်ကုန် ဂိုးသမား နိုင်ဇေယျာထွန်းက ကာကွယ်စဉ်။

GOLDEN STAR

ကျိုက်ထီးရိုး (ရွှေ)

ချောင်းသာ (ဘေလ်)

ငွေဆောင် (ဘောကြီး)

430480,544383,705968

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးချစ်ညီညီ၏ C.D.C-35020 လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၅၁-၂၂၃၂၈။

တိုက်ခန်းအမြန်ရောင်းမည် တိုက်သစ်

ဗိုလ်ချုပ်လမ်းမ ၊ရှစ်လွှာ၊ ၂၅ပေ× ၇၂ ပေ၊ ရှေ့နောက် သံပန်းကပ်ပြီး၊ နောက်ဖေး ကြွေပြားခင်း(ဗိုလ်ထိုင်)၊ အိပ်ခန်းသုံးခန်း၊ ထပ်ခိုးပါ၊ ကိုယ်ပိုင် ရေ၊ မီး၊ မော်တာ။ (ရောင်းဈေးကျပ် သိန်း ၂၉၀)

ဖုန်း-၀၉-၄၉၃၁၆၅၆၇။

မီးသတိပြု

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော သီတာလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁၃ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းတို့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (၁၃၇)

အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်း(မြောက်/အရှေ့) ရပ်ကွက်၊စလင်းလမ်း၊တိုက် ၂၊ အခန်း A-6 နေ မလှလှဝင်း ၅/အတန(နိုင်) ၀၀၁၀၅၈ ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

မလှလှဝင်း ၅/အတန(နိုင်) ၀၀၁၀၅၈ နှင့် ဦးကိုကိုမောင် ၅/ရဘန(နိုင်) ၀၀၀၃၂၆ တို့သည် ၁၁-၆-၂၀၀၉ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားရုံး ဦးစီးအရာရှိ ဒေါ်မိုးမိုးခိုင်၏ ရှေ့မှောက်တွင် နှစ်ဦးသဘောတူ လင်မယားကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ချုပ်ဆို၍ တရားဝင် ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်းနှင့် နောက်နောင်တွင် ဦးကိုကိုမောင်နှင့် ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းနိုင်ပါသည်။)

ညွှန်ကြားချက်အရ-

ဦးအောင်မြင့်ထွန်း (LL.B)

တရားရုံးချုပ်ရှေ့နေ (စဉ်-၇၄၇၁)

အမှတ် ၆၀၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၅၂၉၂၄။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ကမ်းနားလမ်း၊ တိုက်အမှတ်(၄၄၆/၄၅၈)၊ အခန်း(အေ-၂၀၁)၊ ဒုတိယထပ်တိုက်ခန်း (ပေ ၂၀× ၅၅ ပေ)အား အကျိုးခံစားခွင့် ပိုင်ဆိုင်သူဟု ဝန်ခံကတိပြုသူ ဦးစိုးမြင့် ၁၂/အစန(နိုင်)၁၆၃၅၈၅က ကျွန်တော်၏ မိတ်ဆွေဖြစ်သူကို အပြီးအပိုင်လွှဲပြောင်းရောင်းချရန်စီစဉ်၍ တန်ဖိုးငွေကျပ်၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ တစ်စုံတစ်ရာကန့်ကွက်လိုသူရှိပါက မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးရဲ(တောင်တွင်းကြီး)

LL.B တရားရုံးချုပ်ရှေ့နေ

(စဉ်-၄၇၈၅)

အမှတ် ၂၁၊ ၂၇ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၂၄၆၆၂၂၊ ၀၉-၅၀-၇၇၁၄၇။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
နေပြည်တော်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ သမိုင်းဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ

သိမှတ်ဖွယ်ရာ သမိုင်းဘာသာ

၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသား၊ ကျောင်းသူများအတွက် သမိုင်းဘာသာရပ်သိကောင်းစရာများကို တင်ပြသွားပါမယ်။ ပထမဦးစွာ မြန်မာ့သမိုင်းသင်ခန်းစာများမှ သိကောင်းစရာတွေကို တင်ပြပါမယ်။ မြန်မာ့သမိုင်းမှာ နှစ်ပိုင်းပါဝင်တယ်။ ကိုလိုနီခေတ်နဲ့ လွတ်လပ်ပြီးခေတ်တို့ ဖြစ်တယ်။

ကိုလိုနီခေတ်ကို လေ့လာမယ်ဆိုရင် ပထမဦးစွာ သူ့ကျွန်ဘဝကို ကျရောက်ခဲ့ရတာကို မခံမရပ်နိုင်ဖြစ်ရတဲ့ တိုင်းရင်းသားတို့ တောင်ပေါ်မြေပြန့်မကျန် ရရာလက်နက်စွဲကိုင်ပြီး နယ်ချဲ့အင်္ဂလိပ်ကို တော်လှန်ခဲ့ကြပုံကို လေ့လာဖို့လိုပါတယ်။

ကိုလိုနီခေတ်ဦး လက်နက်ကိုင်တော်လှန်မှုများ ကျဆုံးပြီးနောက် ငုပ်လျှိုးသွားခဲ့တဲ့ မြန်မာတို့ရဲ့ အမျိုးသားစိတ်ဓာတ် မကြာမီပြန်လည်နိုးကြားလာတဲ့ အပိုင်းကိုလေ့လာတဲ့အခါ ဝိုင်အမ်ဘီအေ ဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှု၊ ဂျီစီဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုဟူ၍ လေ့လာသင့်တယ်။

ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုအပိုင်းကို ခုနှစ်အပိုင်းအခြားဖြင့်လည်း လေ့လာသင့်တယ်။ ၁၉၀၆ မှ ၁၉၂၀ ကာလအတွင်း အမျိုးသားစိတ်ဓာတ်နိုးကြားလာခြင်းဆိုပြီး မေးရင်လည်း ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုကို ဆိုလိုခြင်းဖြစ်ကြောင်း သိဖို့လိုအပ်တယ်။ သမိုင်းဘာသာရပ်မှာ ခုနှစ်သက္ကရာဇ်တိုင်း သိရှိဖို့မလိုအပ်ပေမယ့် အရေးပါတဲ့ ခုနှစ်၊ သက္ကရာဇ်တွေကို သိရမှာဖြစ်တယ်။ ၁၉၂၀ ပြည်မြို့မှာကျင်းပတဲ့ ဝိုင်အမ်ဘီအေညီလာခံအပြီးမှာ ဝိုင်အမ်ဘီအေဟာ နိုင်ငံရေးကို ဆောင်ရွက်ခြင်းမပြုတော့တာတွေ့ရတယ်။ ဝိုင်အမ်ဘီအေရဲ့နေရာမှာ နိုင်ငံရေးဆောင်ရွက်မည့် အသင်းကြီးတစ်သင်း ထွက်ပေါ်လာတယ်။ အဲဒါက ဂျီစီဘီအေဖြစ်တယ်။

၁၉၂၀ မှ ၁၉၃၀ ကာလအတွင်း မြန်မာနိုင်ငံ အမျိုးသားလှုပ်ရှားမှုကို ဦးဆောင်ခဲ့တဲ့အဖွဲ့အစည်းမှာ ဂျီစီဘီအေခေါ် မြန်မာ့အသင်းချုပ်ကြီးဖြစ်တယ်။ ဂျီစီဘီအေအသင်းကြီးဟာ ၁၉၃၀မှာ အစိတ်စိတ်အမြွှာမြွှာပြိုကွဲသွားတယ်။ အဲဒီကာလ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲမှာ မြန်မာအမျိုးသမီးများ၏ ကုမ္မာရီအသင်းသည်လည်း တစ်တပ်တစ်အားပါဝင်ခဲ့ကြတယ်။

ဂျီစီဘီအေ အစိတ်စိတ်အမြွှာမြွှာပြိုကွဲသွားလို့ နယ်ချဲ့ဆန့်ကျင်ရေးအတွက် ခိုင်မာတောင့်တင်းတဲ့ အသင်းကြီးတစ်သင်းပေါ်ပေါက်ဖို့ ပြည်သူတို့မျှော်လင့်နေချိန်မှာ ပေါ်ပေါက်လာတဲ့အသင်းဟာ တို့ဗမာအစည်းအရုံးဖြစ်တယ်။ တို့ဗမာအစည်းအရုံးကို ၁၉၃၀ မေ ၃၀မှာ စတင်ဖွဲ့စည်းတာဖြစ်တယ်။ မြန်မာနိုင်ငံရဲ့ အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေးအမျိုးသားလှုပ်ရှားမှုသမိုင်းမှာ "တို့ဗမာအစည်းအရုံး"ရဲ့ အခန်းကဏ္ဍမှာလည်း အရေးပါတယ်။ တို့ဗမာအစည်းအရုံးရဲ့ ကာလအပိုင်းအခြားဟာ ၁၉၃၀ မှ ၁၉၄၁အထိ ဖြစ်တယ်ဆိုတာလည်း သိထားသင့်တယ်။

၁၉၃၀ပြည့်နှစ်မှာတော့ မြန်မာနိုင်ငံတွင် ဆရာစံဦးဆောင်တဲ့ တောင်သူလယ်သမားအရေးတော်ပုံ ပေါ်ပေါက်ခဲ့တယ်။ နယ်ချဲ့ကို လက်နက်စွဲကိုင်တော်လှန်ခဲ့ခြင်းဖြစ်တယ်။ တောင်သူလယ်သမားအရေးတော်ပုံမှာ အရေးတော်ပုံမတိုင်မီ လယ်သမားတို့ အခြေအနေ၊ လယ်သမားအရေးတော်ပုံ ပေါ်ပေါက်လာရခြင်းတို့ကို သီးခြားလေ့လာလို့ရတယ်။ တို့ဗမာအစည်းအရုံးကာလအတွင်းမှာပဲ ခွဲရေးတွဲရေးပြဿနာ ပေါ်ပေါက်လာပြန်တယ်။ ခွဲရေးတွဲရေးပြဿနာဟာ အင်္ဂလိပ်တို့ရဲ့ သွေးခွဲရေးစီမံချက်တစ်ခုဖြစ်တယ်။

မြန်မာ့သမိုင်းတွင် မြန်မာသက္ကရာဇ် ၁၃၀၀ပြည့်၊ ခရစ်နှစ် ၁၉၃၈ဟာ ထူးခြားတဲ့နှစ်ဖြစ်တယ်။ ဒီနှစ်အတွင်းပေါ်ပေါက်လာတဲ့ နိုင်ငံရေးလှုပ်ရှားမှုကို ၁၃၀၀ပြည့်အရေးတော်ပုံလို့ မော်ကွန်းတင်ခဲ့တယ်။ ၁၃၀၀ပြည့် အရေးတော်ပုံဂယက်ကြောင့် မြန်မာတိုင်းရင်းသားတွေရဲ့ နယ်ချဲ့ဆန့်ကျင်မှုနဲ့ လွတ်လပ်ရေးကြိုးပမ်းမှုဟာ ပိုမိုပြင်းထန်လာခဲ့တယ်။ ၁၃၀၀ပြည့်အရေးတော်ပုံ ဖြစ်ပွားတဲ့ကာလဟာ ခရစ်သက္ကရာဇ်အားဖြင့် ၁၉၃၈ - ၁၉၃၉ကာလဖြစ်တယ် ဆိုတာကိုလည်း သိထားရမှာဖြစ်တယ်။

ဒီကာလမှာ ဥရောပမှာ ဒုတိယကမ္ဘာစစ်ကြီးစတင်ရန် နီးကပ်လာတဲ့အချိန်ဖြစ်တယ်။ အာရှမှာလည်း ဖက်ဆစ်ဂျပန်တို့ရဲ့ ခြိမ်းခြောက်မှုဟာ ပိုမိုများပြားနေတဲ့အချိန်ဖြစ်လို့ မြန်မာတို့က အင်္ဂလိပ်အခက် - ဗမာ့အချက်မူဖြင့် လွတ်လပ်ရေးရရန် ပိုမိုဆောင်ရွက်လာရာမှ ဗမာ့ထွက်ရပ်ဂိုဏ်းဆိုတာ ပေါ်ပေါက်လာတယ်ဆိုတာ သိထားရမှာဖြစ်တယ်။

မြန်မာ့သမိုင်းမှာ ၁၉၄၀-၁၉၄၅အထိ ကာလအပိုင်းအခြားဟာ အမျိုးသားလွတ်မြောက်မှု တော်လှန်ရေးဆင်နွှဲတဲ့အပိုင်းဖြစ်တယ်။ ဒီအပိုင်းကို အဆင့်နှစ်ဆင့်ခွဲခြားပြီး လေ့လာသင့်တယ်။ ပထမအဆင့်မှာ ၁၉၄၀-၁၉၄၂ ကာလအတွင်း အင်္ဂလိပ်တို့ကို တော်လှန်တိုက်ခိုက်ခြင်းဖြစ်တယ်။ အင်္ဂလိပ်တို့အား တော်လှန်တိုက်ခိုက်ခြင်းကိုလည်း ထပ်မံပိုင်းခြား လေ့လာလို့ရတယ်။ ဥပမာ-ရဲဘော်သုံးကျိပ်၊ ဘီအိုင်အေ၊ ဘီဒီအေ ဆိုပြီး ခွဲခြားလေ့လာနိုင်ပါတယ်။

အမျိုးသားလွတ်မြောက်မှု တော်လှန်ရေးဆင်နွှဲတဲ့ ဒုတိယအဆင့်မှာ ဖက်ဆစ်ဂျပန်တော်လှန်ရေး (၁၉၄၂-၁၉၄၅) ဖြစ်တယ်။ ဒီအပိုင်းမှာ ဖက်ဆစ်ဂျပန်တော်လှန်ရေးဆင်နွှဲရန် ဖန်တီးပေးတဲ့ အခြေအနေများ၊ အခြေခံသဘောထားနှင့်အစီအမံများ၊ အောင်မြင်မှုများဟူ၍ အပိုင်းပိုင်းပြီး လေ့လာဖို့ လိုပါတယ်။

လွတ်လပ်ရေးရယူခြင်းအပိုင်းကို လေ့လာရာတွင် ဖဆပလအဖွဲ့အနေဖြင့် ဘုရင်ခံအမှုဆောင်ကောင်စီတွင် မပါဝင်မီနဲ့ ပါဝင်ပြီးနောက်ပိုင်းအခြေအနေတို့ကို လေ့လာဖို့လိုတယ်။ ဒါ့အပြင် ခေါင်းစဉ်ငယ်လေးများအတိုင်း လေ့လာသင့်တယ်။ လွတ်လပ်ရေးအရယူခြင်းခေါင်းစဉ်ရဲ့အောက်မှာ စက္ကူဖြူစာတမ်း၊ နေသူရိန်လူထုအစည်းအဝေး၊ ကန္ဒီကွန်ဖရင့်၊ အလယ်ပစ္စယံအစည်းအဝေး၊ အောင်ဆန်း-အက်တလီစာချုပ်၊ ပင်လုံညီလာခံ၊ နု-အက်တလီစာချုပ်ဆိုပြီးရှိတယ်။

အင်္ဂလိပ်ခေတ်နဲ့ ဂျပန်ခေတ်တွေရဲ့ ယေဘုယျအခြေအနေကို လေ့လာတဲ့အခါ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုပြီး ကဏ္ဍတွေခွဲထားတယ်။

အင်္ဂလိပ်ခေတ် တစ်နည်းအားဖြင့် ကိုလိုနီခေတ်ကိုလေ့လာရာမှာ ကိုလိုနီခေတ်အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုပြီး သီးခြားခွဲလေ့လာရမှာဖြစ်တယ်။ အုပ်ချုပ်ရေးမှာ ဒိုင်အာခီမတိုင်မီ အုပ်ချုပ်ရေး၊ ဒိုင်အာခီအုပ်ချုပ်ရေး၊ ၉၁ ဌာန အုပ်ချုပ်ရေးဆိုပြီးရှိတယ်။ ဒိုင်အာခီအုပ်ချုပ်ရေးဟာ ၁၉၂၃ မှ ၁၉၃၇အတွင်း အုပ်ချုပ်ခဲ့တဲ့ အင်္ဂလိပ်တို့ရဲ့အုပ်ချုပ်ရေးဖြစ်တယ်ဆိုတာကို သိထားရမယ်။ ဒီအုပ်ချုပ်ရေးဟာ သွေးခွဲအုပ်ချုပ်ရေးဖြစ်လို့ ပြည်သူတို့က မကျေနပ်တဲ့အတွက် အုပ်ချုပ်ရေးအသစ် ဖန်တီးပေးဖို့ အင်္ဂလိပ်တို့က စီစဉ်လာပြန်တယ်။ အဲဒါကြောင့် ၉၁ ဌာန အုပ်ချုပ်ရေး ပေါ်လာတယ်။ ဒီ ၉၁ဌာနအုပ်ချုပ်ရေးကို ၁၉၃၇ မှ ၁၉၄၁ အတွင်းအုပ်ချုပ်ခဲ့တယ်။ ၉၁ဌာနအုပ်ချုပ်ရေးအတွင်းမှာပဲ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားခဲ့တယ်။ စစ်အပြီးမှာ အင်္ဂလိပ်တို့ရဲ့ အုပ်ချုပ်ရေးပြန်စလာတဲ့အခါ စစ်အုပ်ချုပ်ရေး၊ မြို့ပြအုပ်ချုပ်ရေးနဲ့၊ အမျိုးသားယာယီအစိုးရဆိုပြီးတွေ့ရမယ်။ အဲဒါတွေဟာ ဒုတိယကမ္ဘာစစ်ပြီးခေတ် အင်္ဂလိပ်တို့ရဲ့အုပ်ချုပ်ရေးဖြစ်တယ်။ ကိုလိုနီခေတ်အုပ်ချုပ်ရေးစနစ်ကို လေ့လာပြီးတဲ့နောက်မှာ ကိုလိုနီခေတ် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုကို ဆက်လက်လေ့လာရမှာဖြစ်တယ်။

ဂျပန်ခေတ်ကိုလေ့လာရာမှာ ဂျပန်ခေတ်အုပ်ချုပ်ရေး၊ ဂျပန်ခေတ်စီးပွားရေးဆိုပြီး လေ့လာသင့်သလို လူမှုရေး၊ ယဉ်ကျေးမှုကဏ္ဍကိုလည်း လေ့လာသင့်တယ်။ ယဉ်ကျေးမှုခေါင်းစဉ်အောက်မှာ ခေါင်းစဉ်ခွဲများအဖြစ် ပညာရေး၊ စာပေ၊ အနုပညာ၊ တေးဂီတ စသည်ဖြင့် ထပ်မံခွဲခြားထားရှိတယ်။

လွတ်လပ်ပြီးခေတ် မြန်မာနိုင်ငံအခြေအနေကိုလေ့လာရာမှာ ၁၉၄၈-၁၉၅၈ ခုနှစ် ကာလအပိုင်းအခြားဟာ ဖဆပလအစိုးရအုပ်ချုပ်တဲ့ကာလဖြစ်တယ်။ ဒီကာလအတွင်း ပြည်တွင်းရောင်စုံသောင်းကျန်းသူများပေါ်ပေါက်လာပုံ၊ ဖဆပလပြိုကွဲပုံတွေကို လေ့လာရမှာဖြစ်တယ်။ ပြည်တွင်းဆူပူသောင်းကျန်းမှုများအပြင် ပြည်ပအန္တရာယ်ဖြစ်တဲ့ တရုတ်ဖြူ ကိုမင်တန်ကျူးကျော်မှုကိုလည်း တွေ့ရမှာဖြစ်တယ်။ ဖဆပလပြိုကွဲခြင်းကြောင့် အိမ်စောင့်အစိုးရပေါ်ပေါက်လာခြင်းဖြစ်တယ်ဆိုတာ သိရပါမယ်။

မြန်မာ့သမိုင်းတွင် ၁၉၅၈-၁၉၆၀ ကာလဟာ အိမ်စောင့်အစိုးရ တာဝန်ယူတဲ့ကာလဖြစ်တယ်။ ဒီအပိုင်းမှာ အိမ်စောင့်အစိုးရပေါ်ပေါက်လာပုံ၊ အိမ်စောင့်အစိုးရအဖွဲ့ရဲ့လုပ်ငန်းစဉ်ကြီးလေးရပ်၊ အိမ်စောင့်အစိုးရရဲ့အောင်မြင်မှုဒါမှမဟုတ် ဆောင်ရွက်ချက်များကို လေ့လာသင့်တယ်။

မြန်မာ့သမိုင်းတွင် ၁၉၆၀-၁၉၆၂ အထိကာလဟာ ပြည်ထောင်စု(ပထစ)အစိုးရ တာဝန်ယူခဲ့တဲ့ ကာလဖြစ်တယ်။ ဒီကာလအတွင်း ပြည်ထောင်စုကြီး ပြိုကွဲရမယ့်အခြေအနေနဲ့ ရင်ဆိုင်ခဲ့ရပုံတွေကို လေ့လာသင့်တယ်။ ဒီအခြေအနေဟာ တော်လှန်ရေးကောင်စီကို ပေါ်ပေါက်လာစေတယ်ဆိုတာလည်း သိထားရမယ်။

မြန်မာ့သမိုင်းသင်ရိုးမှာ ဖဆပလ၊ အိမ်စောင့်အစိုးရ၊ ပထစအစိုးရများလက်ထက် ယေဘုယျအခြေအနေတွေကို ထည့်သွင်းထားတယ်။ ယေဘုယျအခြေအနေများဖြစ်တဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခြေအနေတွေကိုလည်း လေ့လာသင့်တယ်။

လွတ်လပ်ပြီးခေတ် မြန်မာ့သမိုင်းမှာ ၁၉၆၂-၁၉၇၄အထိ ကာလကို တော်လှန်ရေးကောင်စီအစိုးရက တာဝန်ယူအုပ်ချုပ်ခဲ့ပြီး ၁၉၇၄ - ၁၉၈၈အထိ ကာလဟာ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ဖြစ်တယ်။ တော်လှန်ရေးကောင်စီခေတ်နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ကာလရဲ့ ယေဘုယျ အခြေအနေများဖြစ်တဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုများကိုလည်း လေ့လာသိရှိဖို့ လိုအပ်တယ်။

မြန်မာ့သမိုင်းသင်ရိုးကို မျက်မှောက်ကာလအထိ ရေးဆွဲထားတဲ့အတွက် ၁၉၈၈ မှ ယနေ့အထိ ကာလကိုလည်း လေ့လာဖို့လိုပါတယ်။ ဒီအပိုင်းကိုလေ့လာရာမှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရနဲ့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရများလက်ထက် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခြေနေတွေကို လေ့လာရမှာဖြစ်တယ်။

ဆက်လက်ပြီး ကမ္ဘာ့သမိုင်းနဲ့ပတ်သက်ပြီး သိကောင်းစရာတွေကို တင်ပြသွားပါမယ်။

ပထမဦးစွာ ပထမကမ္ဘာစစ်အကြောင်းကို လေ့လာမယ်ဆိုရင် စစ်ဖြစ်ပွားရတဲ့အကြောင်းရင်းတွေကို သိရှိဖို့လိုပါတယ်။ စစ်ဖြစ်ပွားရတဲ့အကြောင်းရင်းမှာလည်း အခြေခံအကြောင်းရင်းနဲ့ လတ်တလောအကြောင်းရင်းဟူ၍ နှစ်ပိုင်းရှိတယ်။ အခြေခံအကြောင်းရင်းတွေဟာ လေးချက်ရှိတယ်။ အဲဒါတွေက-

- ကိုလိုနီအပြိုင်အဆိုင်ရှာဖွေခြင်း
- အမျိုးသားစိတ်ဓာတ်ပြင်းထန်လာခြင်း
- မဟာမိတ်စစ်အုပ်စုအပြိုင်အဆိုင်ဖွဲ့စည်းခြင်း
- လက်နက်အပြိုင်တပ်ဆင်ခြင်း

တို့ဖြစ်တယ်။ စစ်ဖြစ်ပွားရတဲ့အခြေခံအကြောင်းရင်းအပြင် လတ်တလောအကြောင်းရင်းကိုလည်း လေ့လာရမှာဖြစ်တယ်။ ဒီအခြေအနေမှတစ်ဆင့် ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားလာရတယ်။

ပထမကမ္ဘာစစ်ရဲ့ အကျိုးသက်ရောက်မှုများအနေနဲ့ ပါရီငြိမ်းချမ်းရေးညီလာခံ၊ ဗာဆိုင်းစာချုပ်တွေကို လေ့လာဖို့လိုပါမယ်။ ဗာဆိုင်းစာချုပ်မှာပါတဲ့ နယ်မြေပိုင်းခြားသတ်မှတ်ရေး၊ ဂျာမနီ လက်နက်လျှော့ပေါ့ရေး၊ စစ်လျော်ကြေးနဲ့ အထွေထွေစီမံချက်များဟာ မဟာမိတ်တို့အလိုကျ တစ်ဖက်သတ်ချုပ်ဆိုထားတဲ့ စာချုပ်ဖြစ်တယ်။ ဒါကြောင့် ဂျာမနီအင်အားပြန်ကောင်းလာတဲ့အခါ ဗာဆိုင်းစာချုပ်ပါအချက်များကို ချိုးဖောက်လာရာက ဥရောပနိုင်ငံရေးမှာ ပြဿနာများ ပေါ်ပေါက်လာပြီး ဒုတိယကမ္ဘာစစ်ဖြစ်ရသည့် အခြေအနေသို့ ရောက်ရှိခဲ့ရကြောင်းကို လေ့လာသိရှိဖို့လိုအပ်တယ်။

နိုင်ငံပေါင်းချုပ်အသင်းကြီးကို လေ့လာမယ်ဆိုရင် ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံနဲ့ နိုင်ငံပေါင်းချုပ်အသင်းကြီးရဲ့ လူမှုရေးလုပ်ငန်းများနဲ့ ငြိမ်းချမ်းရေးထိန်းသိမ်းရေးလုပ်ငန်းများကို လေ့လာရမှာဖြစ်တယ်။

ကမ္ဘာ့သမိုင်းမှာ ပထမကမ္ဘာစစ်အပြီး ထူးခြားတဲ့ဖြစ်စဉ်ကတော့ ဆိုရှယ်လစ်ရုရှားနိုင်ငံ ပေါ်ပေါက်လာခြင်းဖြစ်တယ်။ ဆိုရှယ်လစ်ရုရှားနိုင်ငံနဲ့ ပတ်သက်ပြီး လေ့လာရာမှာ ၂၀ ရာစုဦး ရုရှားနိုင်ငံအခြေအနေ၊ ၁၉၀၅တော်လှန်ရေး၊ ၁၉၁၇ ဖေဖော်ဝါရီတော်လှန်ရေး၊ ၁၉၁၇ အောက်တိုဘာတော်လှန်ရေးဆိုပြီး သီးခြားလေ့လာရမှာဖြစ်တယ်။ ဒါ့အပြင် ဖေဖော်ဝါရီတော်လှန်ရေးဟာ ဘူဇွာတော်လှန်ရေးဖြစ်တယ်ဆိုတာ၊ အောက်တိုဘာတော်လှန်ရေးဟာ ဆိုရှယ်လစ် တော်လှန်ရေး ဖြစ်တယ်ဆိုတာကိုလည်း သိထားသင့်တယ်။

ပထမကမ္ဘာစစ်အပြီးမှာ အမျိုးသားလှုပ်ရှားမှုများ ပိုမိုအားကောင်းလာတယ်။ အမျိုးသားလှုပ်ရှားမှု အပိုင်းကို လေ့လာမယ်ဆိုရင် အိန္ဒိယ၊ အရှေ့တောင်အာရှ၊ တရုတ်ဟူ၍ ဒေသအလိုက် လေ့လာသင့်တယ်။

အိန္ဒိယမှာလည်း စစ်ပါရီအရေးတော်ပုံ၊ အိန္ဒိယအမျိုးသားကွန်ဂရက်၊ တိလတ်၏ ဆွာရာဂျ်ခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေးလှုပ်ရှားမှုနဲ့ ဂန္ဒီရဲ့အမျိုးသားလှုပ်ရှားမှုကို အပိုင်းလိုက်လေ့လာရမှာဖြစ်တယ်။ ဂန္ဒီရဲ့ အမျိုးသားလှုပ်ရှားမှုအပိုင်းမှာလည်း ဂန္ဒီနဲ့ကွန်ဂရက်ပါတီလှုပ်ရှားမှုနဲ့ ၁၉၂၁ နောက်ပိုင်း ဂန္ဒီ၏ဦးဆောင်မှုဟူ၍ ပိုင်းခြားပြီး လေ့လာနိုင်တယ်။

အရှေ့တောင်အာရှအမျိုးသားလှုပ်ရှားမှုမှာလည်း နိုင်ငံအလိုက်သီးခြားခွဲပြီး လေ့လာကျက်မှတ်ရမယ်။ အရှေ့တောင်အာရှနိုင်ငံတွေရဲ့ အမျိုးသားလှုပ်ရှားမှုမှာ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ အင်ဒိုချိုင်းနား၊ ဖိလစ်ပိုင်တို့ပါရှိတယ်။ အင်ဒိုချိုင်းနားအမျိုးသားလှုပ်ရှားမှုဟာ ဗီယက်နမ်ကိုအခြေခံတဲ့လှုပ်ရှားမှု ဖြစ်တယ်ဆိုတာကိုလည်း သိထားရမယ်။

တရုတ်အမျိုးသားလှုပ်ရှားမှုတွေမှာလည်း ရှေးဦးအမျိုးသားလှုပ်ရှားမှု၊ ၁၉၁၁ ဘူဇွာတော်လှန်ရေး၊ မေ ၄ အရေးတော်ပုံဆိုပြီး ပါရှိပါတယ်။ ရှေးဦးအမျိုးသားလှုပ်ရှားမှုများမှာ ထိုင်ဖင်အရေးတော်ပုံ၊ အားသစ်လောင်းလှုပ်ရှားမှု၊ ယိဟယ်ထွမ် ခေါ် လက်သီးသမားအရေးတော်ပုံနဲ့ ရက်တစ်ရာ ပြုပြင်ပြောင်းလဲရေးများဖြစ်ပြီး သီးခြားခွဲပြီး လေ့လာရမှာဖြစ်တယ်။

ပထမကမ္ဘာစစ်အပြီး ဥရောပနိုင်ငံတွေမှာ ကြီးမားတဲ့ နိုင်ငံရေး၊ စီးပွားရေးပြဿနာတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကိုချမှတ်ပြီး ပြဿနာများကို ဖြေရှင်းပေမယ့် မအောင်မြင်ခဲ့တဲ့ အခြေအနေကိုတွေ့ရတယ်။ ဒါကြောင့် နိုင်ငံအချို့မှာ အမျိုးသားဝါဒနဲ့ စစ်ဝါဒကိုအခြေခံတဲ့ အရင်းရှင်စနစ်ရဲ့ အကြမ်းတမ်းဆုံးနဲ့ အဆိုးရွားဆုံး

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

Dr.D
Dr.D Dental Clinic
OPEN DAILY
Open Hour : 8am to 8 pm
General Dentisary
Your clinic now at "Sanchaung & Pathein"
D.rD (Sanchaung)
D.rD (Pathein)
D.rD (Shwe Sabai)
Speical & Cosmetic Dentisary
D.rD (China Town)
D.rD (Thuwana)
D.rD (Mandalay)
D.rD (Zabu)

စာမျက်နှာ ၁၅ မှအဆက်

ဖြစ်တဲ့ ဖက်ဆစ်အာဏာရှင်စနစ် ပေါ်ပေါက်လာခဲ့တယ်။ ဖက်ဆစ်စနစ်ဟာ အီတလီမှာ ရှေးဦးစွာပေါ်ပေါက်လာပြီး ဂျာမနီ၊ ဂျပန်နိုင်ငံတွေမှာ ဆက်လက်ပေါ်ပေါက်ခဲ့တယ်။

ဖက်ဆစ်စနစ်အားကောင်းလာတဲ့အီတလီကို လေ့လာရာမှာ ဖက်ဆစ်စနစ် ပေါ်ပေါက်လာရခြင်း အကြောင်းရင်းနှင့် ဖက်ဆစ်ပါတီအာဏာရလာခြင်းကို လေ့လာရမှာဖြစ်တယ်။ ဂျာမနီနိုင်ငံမှာလည်း နာဇီပါတီအင်အားကောင်းလာစေရန်နဲ့ နာဇီပါတီပေါ်ပေါက်လာဖို့ အခြေခံကျတဲ့အချက်တွေကို လေ့လာရမှာဖြစ်သလို နာဇီဝါဒနဲ့ နာဇီပါတီအာဏာရရှိလာပုံကို သီးခြားလေ့လာရမှာဖြစ်တယ်။ ဂျပန်နိုင်ငံမှာတော့ ဖက်ဆစ်အာဏာရှင်စနစ် ပေါ်ပေါက်လာရခြင်း အကြောင်းရင်းများ၊ ဖက်ဆစ်လှုပ်ရှားမှုနဲ့ ဖက်ဆစ်အစိုးရ ပေါ်ပေါက်လာပုံတို့ကို ခွဲပြီးလေ့လာနိုင်ပါတယ်။ အီတလီ၊ ဂျာမနီနဲ့ ဂျပန်နိုင်ငံတွေမှာ ဖက်ဆစ်စနစ်အားကောင်းလာခြင်းဟာ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားစေဖို့ အခြေအနေများ ဖန်တီးလာစေတယ်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားရတဲ့အကြောင်းရင်းတွေကိုလေ့လာရင် အခြေခံအကြောင်းရင်းများနဲ့ လတ်တလော အကြောင်းဟူ၍ နှစ်ပိုင်းလေ့လာဖို့လိုတယ်။

စစ်ဖြစ်ရသည့် အခြေခံအကြောင်းရင်းများကို သီးခြားခေါင်းစဉ်ခွဲများဖြင့် ဖော်ပြထားတယ်။ အဲဒီအခြေခံအကြောင်းရင်းများမှာ -

- အရင်းရှင်နိုင်ငံအချင်းချင်းပဋိပက္ခဖြစ်ခြင်း
- နိုင်ငံပေါင်းချုပ်အသင်းကြီးအားနည်းလာခြင်း
- မဟာမိတ်စစ်အုပ်စုများအပြိုင်အဆိုင်ဖွဲ့စည်းလာခြင်း
- လက်နက်အပြိုင်တပ်ဆင်ခြင်း
- ဖက်ဆစ်နယ်ချဲ့ကျူးကျော်မှုကြောင့် ကမ္ဘာ့ငြိမ်းချမ်းရေးပျက်ပြားလာခြင်း

တို့ဖြစ်တယ်။ ဖက်ဆစ်နယ်ချဲ့ကျူးကျော်မှုများမှာ မန်ချူးရီးယားအရေး၊ အီသီယိုးပီးယားအရေး၊ စပိန်ပြည်တွင်းစစ်၊ ဩစတြီးယားကိုသိမ်းပိုက်ခြင်းနဲ့ ချက်ကိုစလိုဗားကီးယားကိုသိမ်းပိုက်ခြင်း စသည်တို့ဖြစ်တယ်။ ဒါတွေကို တစ်ခုချင်းလေ့လာရမှာဖြစ်တယ်။ အဆိုပါ ကျူးကျော်မှုတွေဟာ စစ်ဖြစ်ဖို့ ဦးတည်လာခြင်းဖြစ်တယ်။ အဲဒီအခြေအနေမှာ ပိုလန်ကို ဂျာမန်တို့ ကျူးကျော်လိုက်ရာမှတစ်ဆင့် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားရတယ်။ ဒန်းဇစ်နှင့် ပိုလန်စင်္ကြံပြဿနာ၊ ဆိုဗီယက်ရုရှားနှင့် ဂျာမန်မကျူးကျော်ရေးစာချုပ်တို့ဟာ ဒုတိယကမ္ဘာစစ် လတ်တလောဖြစ်ပွားရတဲ့ အကြောင်းရင်းများဖြစ်လာတယ်။

ဒုတိယကမ္ဘာစစ်ရဲ့အကျိုးသက်ရောက်မှုတွေကတော့ အမေရိကန်ပြည်ထောင်စု ထိပ်သီးအင်အားကြီးနိုင်ငံဖြစ်လာခြင်း၊ ဆိုဗီယက်နိုင်ငံ ထိပ်သီးအင်အားကြီးနိုင်ငံဖြစ်လာခြင်းနဲ့ ကိုလိုနီလက်အောက်ခံနိုင်ငံများ လွတ်လပ်ရေးရရှိလာခြင်းတို့ဖြစ်တယ်။

ဒုတိယကမ္ဘာစစ်ပြီးကာလ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးကို ဖွဲ့စည်းနိုင်ခဲ့ခြင်းဟာလည်း ကမ္ဘာ့သမိုင်းမှာ ထူးခြားတဲ့ဖြစ်ရပ်တစ်ခုဖြစ်တယ်။ အသင်းကြီးပေါ်ပေါက်လာပုံ၊ ဖွဲ့စည်းပုံနဲ့ ဆောင်ရွက်ချက်များကို သီးခြားလေ့လာသိရှိဖို့ လိုအပ်တယ်။

ဒုတိယကမ္ဘာစစ်ပြီးကာလတွင် ဥရောပ၌ ဆိုရှယ်လစ်စနစ် ကျယ်ပြန့်လာတယ်။ ဒုတိယကမ္ဘာစစ်အတွင်းက အရှေ့ဥရောပနိုင်ငံများဖြစ်ကြတဲ့ ပိုလန်၊ ချက်ကိုစလိုဗားကီးယား၊ ရူမေးနီးယားစတဲ့ နိုင်ငံတွေဟာ နာဇီဂျာမနီရဲ့ လက်အောက်ခံအဖြစ် ကျရောက်ခဲ့တယ်။

ဂျာမန်လက်အောက်ခံ အရှေ့ဥရောပနိုင်ငံများတွင် နာဇီဆန့်ကျင်ရေး၊ ပြည်သူ့လွတ်မြောက်ရေးစစ်ပွဲများဆင်နွှဲရာမှာ ဆိုဗီယက်နိုင်ငံမှ အကူအညီများပေးခဲ့တယ်။ ဒုတိယကမ္ဘာစစ်ပြီးကာလတွင် အရှေ့ဥရောပနိုင်ငံတွေဟာ ဆိုဗီယက်အကူအညီနဲ့ ဆိုရှယ်လစ်အစိုးရများကို ထူထောင်ခဲ့ကြတယ်။

ဒုတိယကမ္ဘာစစ်အပြီးတွင် လွတ်မြောက်သော အရှေ့ဥရောပနိုင်ငံများအား စုစည်းကာ ဆိုဗီယက်ဦးဆောင်တဲ့ ဆိုရှယ်လစ်အုပ်စုအဖြစ် ပေါ်ပေါက်လာခြင်းဟာ ထူးခြားတဲ့သမိုင်းဖြစ်ရပ်တစ်ခု ဖြစ်တယ်။

ဒုတိယကမ္ဘာစစ်ပြီးကာလမှာ ပေါ်ပေါက်လာခဲ့တဲ့စစ်အေးဟာလည်း ထူးခြားတဲ့သမိုင်းဖြစ်စဉ်တစ်ခု ဖြစ်တယ်။ စစ်အေးအကြောင်းလေ့လာတဲ့အခါ စစ်အေးရဲ့သဘောနဲ့ ပေါ်ပေါက်လာပုံတို့ကို လေ့လာသင့်တယ်။

ဒုတိယကမ္ဘာစစ်ပြီးကာလမှာ အမေရိကန်နိုင်ငံဟာ အနောက်ဥရောပနိုင်ငံများကို စီးပွားရေးနဲ့ စစ်ရေးအကူအညီများပေးပြီး ခေါင်းဆောင်နေရာကို ရယူခဲ့တယ်။ အနောက်ဥရောပနိုင်ငံများအနေနဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့များကိုလည်း ဖွဲ့စည်းဆောင်ရွက်ခဲ့တယ်။ ယင်းအဖွဲ့များမှာ -

- ဥရောပစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့
- ဥရောပကျောက်မီးသွေးနှင့် သံမဏိအဖွဲ့
- ဥရောပစီးပွားရေးအဖွဲ့ (သို့မဟုတ်) ဘုံဈေး
- ဥရောပလွတ်လပ်စွာ ကုန်သွယ်ရေးအဖွဲ့

တို့ဖြစ်ကြတယ်။ ယင်းအဖွဲ့များရဲ့ တစ်ဖွဲ့စီအကြောင်းကိုလည်း သိရှိဖို့ လိုအပ်တယ်။

တစ်ဖက်မှာလည်း ဆိုဗီယက်ဦးဆောင်တဲ့ ကွန်မြူနစ်အုပ်စု ပေါ်ပေါက်လာတယ်။

- ကိုမင်ဖောင်
- စီးပွားရေးအပြန်အလှန် အထောက်အကူပြုရေးကောင်စီတို့ ဖြစ်ကြတယ်။

အမေရိကန်နဲ့ ဥရောပနိုင်ငံတွေဟာ စစ်ရေးအရလည်း ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းလာကြတယ်။ ထင်ရှားတဲ့ သာဓကတွေကတော့ -

၁။ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (NATO)
၂။ အန်ဇတ် (ANZUS)
၃။ အရှေ့တောင်အာရှစာချုပ်အဖွဲ့ (SEATO)
၄။ ဗဟိုစာချုပ်အဖွဲ့ (CENTO)

များဖွဲ့စည်းခြင်းဖြစ်တယ်။

ဆိုဗီယက်နိုင်ငံကလည်း အားကျမခံ ဝါဆော (Warsaw) စစ်စာချုပ်အဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။ ဒီလိုနဲ့ ဆိုဗီယက်ဦးဆောင်တဲ့ အရှေ့အုပ်စုနဲ့ အမေရိကန်ဦးဆောင်တဲ့ အနောက်အုပ်စုတို့ဟာ စစ်အုပ်စုများအပြိုင်အဆိုင် ဖွဲ့စည်းပြီးနောက် မဟာဗျူဟာလက်နက်များ အပြိုင်အဆိုင်တပ်ဆင်လာကြတယ်။

စစ်အေးကာလမှာ နိုင်ငံတကာအရေးအခင်းများလည်း ပေါ်ပေါက်လာတယ်။ ထင်ရှားတဲ့ နိုင်ငံတကာအရေးအခင်းတွေကတော့ -

၁။ ဂျာမန်ပြဿနာ၊ ဘာလင်ပိတ်ဆို့မှု
၂။ ကိုရီးယားစစ်
၃။ စူးအက်အရေးအခင်း
၄။ ကျူးဘားဒုံးပျံအရေးအခင်း

တို့ဖြစ်တယ်။ နိုင်ငံတကာအရေးအခင်းတွေ ဘယ်လိုပေါ်ပေါက်လာပြီး ကမ္ဘာ့ငြိမ်းချမ်းရေးကို မည်ကဲ့သို့ ခြိမ်းခြောက်ခဲ့ပုံကို လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းတွင် ဆိုရှယ်လစ်ရုရှားနိုင်ငံအပြောင်းအလဲဖြစ်ခြင်း၊ ဆိုရှယ်လစ်အုပ်စုပြိုကွဲခြင်းနှင့် စစ်အေးကာလပြီးဆုံးခြင်းခေါင်းစဉ်တွေကလည်း နိုင်ငံတကာရေးရာမှာ ထူးခြားတဲ့ ခေါင်းစဉ်များ ဖြစ်တဲ့အတွက် လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းသင်ရိုးတွင် အာရှနိုင်ငံတစ်ခုဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြောင်းကိုလည်း လေ့လာရမှာဖြစ်တယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြောင်းကို လေ့လာရာမှာ နိုင်ငံရေး၊ စီးပွားရေးနဲ့ နိုင်ငံခြားဆက်ဆံရေးဟူ၍ ခွဲခြားလေ့လာသင့်တယ်။

အလားတူ အာရှနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဂျပန်နိုင်ငံကိုလည်း လေ့လာသင့်တယ်။ ၁၉၄၅မှ ၁၉၅၂အထိ အသိမ်းပိုက်ခံကာလအနေအထားနဲ့ ခေတ်ပြိုင်ဂျပန်နိုင်ငံအနေအထားတွေကို သိရှိရမှာ ဖြစ်တယ်။

ကမ္ဘာ့သမိုင်းကိုလေ့လာရာမှာ အရှေ့တောင်အာရှဒေသကိုလည်း လေ့လာသင့်တယ်။ အရှေ့တောင်အာရှဒေသမှာ နိုင်ငံတစ်နိုင်ငံချင်းရဲ့ နိုင်ငံသစ်များပေါ်ပေါက်လာခြင်းနှင့် နိုင်ငံတော်တည်ဆောက်ရေး ကြိုးပမ်းမှုများကို လေ့လာသိရှိရမှာဖြစ်တယ်။ အဲဒီနိုင်ငံတွေဟာ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဘရူနိုင်း၊ လာအို၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ စင်ကာပူ၊ မလေးရှားနဲ့ ထိုင်းနိုင်ငံတို့ဖြစ်တယ်။ ဒီနိုင်ငံတွေကို တစ်နိုင်ငံချင်းလေ့လာရမှာဖြစ်တယ်။

အရှေ့တောင်အာရှသမိုင်းကို လေ့လာရာမှာ အာဆီယံ(အရှေ့တောင်အာရှနိုင်ငံများအသင်း)ဟာ အရေးပါတဲ့အတွက် လေ့လာသင့်တယ်။ အာဆီယံအသင်းနှင့် ပတ်သက်ပြီး ပေါ်ပေါက်လာပုံနဲ့ ရည်ရွယ်ချက်တို့ကို သိရှိရမှာဖြစ်တယ်။ အာဆီယံအဖွဲ့ရဲ့ ဖွဲ့စည်းပုံ၊ အဓိကအစည်းအဝေးညီလာခံများ၊ အာဆီယံအမြဲတမ်းကော်မတီ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနဲ့ အာဆီယံအတွင်းရေးမှူးချုပ်အကြောင်းများကိုလည်း လေ့လာသိရှိဖို့လိုအပ်တယ်။

ဆက်လက်ပြီး မြန်မာနိုင်ငံ၏ ဘက်မလိုက်လှုပ်ရှားမှု၊ မြန်မာနိုင်ငံနှင့် ဘင်းမ်စတက်အဖွဲ့၊ မြန်မာနိုင်ငံနှင့် မဟာမဲခေါင်ဒေသခွဲ ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း လေ့လာသိရှိဖို့လိုအပ်တယ်။

၂၀၁၁ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ၊ သမိုင်းဘာသာရပ်ရဲ့ မေးခွန်းဟာ အပိုင်း (က)၊ အပိုင်း (ခ)၊ အပိုင်း (ဂ)၊ အပိုင်း (ဃ) ဟူ၍ အပိုင်းလေးပိုင်း ပါဝင်မှာဖြစ်တယ်။ မေးခွန်းအပိုင်း လေးပိုင်းလုံးကို ဖြေဆိုရမှာဖြစ်တယ်။

မေးခွန်းအပိုင်း (က)မှာ နံပါတ် ၁။ (က)၊ ၁။ (ခ)၊ ၁။ (ဂ) ဆိုပြီး ပါရှိမှာဖြစ်တယ်။ နံပါတ် ၁။ (က) မေးခွန်းက 'အောက်ပါကွက်လပ်များ၌ ဖြည့်စွက်ရမည့် အဖြေများကို အဖြေစာအုပ်တွင်ရေးပါ။' ဟူ၍ဖြစ်တယ်။ မြန်မာ့သမိုင်းမှ (၅) ပုဒ်၊ ကမ္ဘာ့သမိုင်းမှ (၅) ပုဒ် စုစုပေါင်း (၁၀) ပုဒ်ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်ဟာ (၁) မှတ်ဖြစ်ပြီး စုစုပေါင်း ရမှတ်မှာ (၁၀) မှတ် ဖြစ်တယ်။

မေးခွန်း အပိုင်း (က) နံပါတ် ၁။ (ခ) မေးခွန်းမှာ 'အောက်ဖော်ပြချက်များကို **'မှား' သို့မဟုတ် 'မှန်'** ဖြေဆိုပါ။ ဖြေဆိုချက်များကို အဖြေစာအုပ်တွင် ရေးပါ' ဟူ၍ဖြစ်ပြီး **'မှား'** သို့မဟုတ် **'မှန်'** ကိုရေးဖြေရန်ဖြစ်တယ်။ နံပါတ် ၁။ (ခ) မေးခွန်းမှာ မြန်မာ့သမိုင်းမှ (၃) ပုဒ်နဲ့ ကမ္ဘာ့သမိုင်းမှ (၂) ပုဒ်၊ စုစုပေါင်း (၅) ပုဒ် ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ (၁) မှတ်ဖြစ်ပြီး စုစုပေါင်း ရမှတ်မှာ (၅) မှတ်ဖြစ်တယ်။

မေးခွန်း အပိုင်း (က) ၏ နံပါတ် ၁။ (ဂ) မေးခွန်းမှာ 'အောက်ဖော်ပြပါ မေးခွန်းတစ်ခုစီအတွက် ပေးထားသော အဖြေ (က)၊ (ခ)၊ (ဂ) တို့အနက်မှ **အဖြေမှန်တစ်ခု**ကို အဖြေစာအုပ်တွင်ရေးပါ' ဟူ၍ဖြစ်တယ်။ မှန်တဲ့အဖြေကို အဖြေစာအုပ်မှာ ရေးရမှာဖြစ်တယ်။ နံပါတ် ၁။ (ဂ) မေးခွန်းမှာ မြန်မာ့သမိုင်း (၂) ပုဒ်နဲ့ ကမ္ဘာ့သမိုင်း (၃) ပုဒ်၊ စုစုပေါင်း (၅) ပုဒ်ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ (၁) မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ်မှာ (၅)မှတ်ဖြစ်တယ်။

မေးခွန်းအပိုင်း (ခ)မှာ မှတ်စုတိုမေးခွန်းဖြစ်ပြီး မြန်မာ့သမိုင်းမှတ်စုတို (၄) ပုဒ်နဲ့ ကမ္ဘာ့သမိုင်းမှတ်စုတို (၄) ပုဒ်တို့ ပါရှိမှာဖြစ်တယ်။ ယင်းတို့အနက်မှ ကြိုက်နှစ်သက်ရာ မှတ်စုတို (၄) ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ မှတ်စုတို တစ်ပုဒ် ရမှတ်မှာ (၅) မှတ်ဖြစ်ပြီး စုစုပေါင်း ရမှတ်မှာ (၂၀) မှတ်ဖြစ်တယ်။

မေးခွန်း အပိုင်း (ဂ) မှာ မြန်မာ့သမိုင်းမေးခွန်းများဖြစ်ပြီး စုစုပေါင်း (၅) ပုဒ်ပါရှိမှာ ဖြစ်တယ်။ ယင်း (၅) ပုဒ်အနက်မှ ကြိုက်နှစ်သက်ရာ (၂) ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ (၁၅) မှတ်ဖြစ်ပြီး (၂) ပုဒ်အတွက် စုစုပေါင်း ရမှတ်မှာ (၃၀) မှတ် ဖြစ်တယ်။

မေးခွန်းအပိုင်း (ဃ)မှာ ကမ္ဘာ့သမိုင်းမေးခွန်းများဖြစ်ပြီး စုစုပေါင်း (၅)ပုဒ်ပါရှိမှာ ဖြစ်တယ်။ ယင်း (၅)ပုဒ်အနက်မှ ကြိုက်နှစ်သက်ရာ (၂)ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ (၁၅) မှတ်ဖြစ်ပြီး (၂) ပုဒ်အတွက် စုစုပေါင်းရမှတ်မှာ (၃၀) မှတ် ဖြစ်တယ်။

ကျောင်းသူ၊ ကျောင်းသားများကို မှာချင်တာကတော့

၁။ သမိုင်းဘာသာရပ်ကိုလေ့လာရာတွင် သမိုင်းစဉ်ဆက်စပ်မှုကို သတိထားရန်
၂။ ခေါင်းစဉ်ကိုရွေး၍ မလေ့လာရန်
၃။ ပြဋ္ဌာန်းစာအုပ်ကိုအလေးပေးလေ့လာရန်
၄။ မေးခွန်းကိုသေသေချာချာဖတ်ရန်
၅။ မေးသည်ကိုသာဖြေဆိုရန်

ဖြစ်ကြောင်း တင်ပြရင်း ပို့ချချက်ကို ရပ်နားလိုက်ပါတယ်။ ။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ကြံခင်း - ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်း မင်းဘူး - ပွင့်ဖြူ ရထားလမ်းပိုင်းဖွင့်ပွဲ အခမ်းအနားကျင်းပ

ဒေသထွက်ကုန်ပစ္စည်းများကို စရိတ်စကသက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်တော့မည်

နေပြည်တော် ဇန်နဝါရီ ၂၂

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူဖောက်လုပ်သည့် ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း မင်းဘူး-ပွင့်ဖြူ ရထားလမ်းပိုင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်ရှိ မင်းဘူးဘူတာယဒ်ဝင်း မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း၊ မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖနှင့် ဒေသခံပြည်သူများ၊ ဘင်ခရာ၊ ပန်းဖွားအကနှင့် ကဗျာလွတ်အကအဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်နှင့် တိုင်းဒေသကြီးဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြသည်။

ကြိုးပမ်းဆောင်ရွက်

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းက

စာမျက်နှာ ၆ ကော်လံ ၁ ●

ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း မင်းဘူး-ပွင့်ဖြူ ရထားလမ်းပိုင်းတွင် ရထားစတင်ပြေးဆွဲစဉ်။
(သတင်းစဉ်)

23-1 (20).pmd 1 1/23/2011, 2:11 AM